# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ ကြာသပတေးနေ့ (10-11-2011) (၆၃၃၉)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပဋ္ဌမမြောက် ရင်ချင်းဆက်အမြွှာ မအင်ကြင်းခိုင်နှင့် မအင်ကြင်းလှိုင်တို့အား ရန်ကုန်ကလေးဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့

## ကလေးများ၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၉

**မြန်မာနိုင်ငံအနေဖြင့် ရင်ချင်းဆက်၊ တင်ချင်းဆက် အမြွှာ(၄)တွဲကို အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ပြီး မြန်မာ့ဆေးပညာသမိုင်းတွင် မှတ်တိုင်ထူနိုင်ခဲ့ကြ၍ မြန်မာ့ဆေးပညာလောကသမိုင်းကိုလည်းကောင်း၊ နိုင်ငံ၏ဂုဏ်ကိုလည်းကောင်း မြှင့်တင်နိုင်ခဲ့ပေသည်။**

ယခုတစ်ဖန် ပဋ္ဌမမြောက်ရင်ချင်းဆက်အမြွှာဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ကော့အင်းကျေးရွာမှ မအင်ကြင်းခိုင်နှင့် မအင်ကြင်းလှိုင်တို့အား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် ကလေးဆေးရုံကြီး တိုးချဲ့ဆောင်၌ ခွဲစိတ်ကုသရာ နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရင်ချင်းဆက်အမြွှာညီအစ်မ၏ ကျန်းမာရေးအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးသည်။

ခွဲစိတ်ကုသမှုခံယူမည့် မအင်ကြင်းခိုင်နှင့် မအင်ကြင်းလှိုင် ရင်ချင်းဆက်အမြွှာညီအစ်မအား လောင်းလုံမြို့နယ် ပြည်သူ့ဆေးရုံမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးနိုင်က ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မွေးဖွားပေးခဲ့ပြီး ၂၆ ရက်တွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍





**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ကလေးဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာညီအစ်မ ခွဲစိတ်ကုသနေမှု CCTV တိုက်ရိုက်ပြသခြင်းကို ကြည့်ရှုအားပေးကြစဉ်။**
(သတင်းစဉ်)

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။

(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။

(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေ လှောင်ထားပါ။

(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။

(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။

(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။

(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။

(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။

(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

# ဒီရေတောစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်လာမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ဌာနေကိုယ်စားလှယ် Mr. Tomohlro Snibayama နှင့်အဖွဲ့တို့သည် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ သစ်တောကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ဆွေးနွေးကြသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့** ✳





**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် ဒီရေတောဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲနှင့် ဒီရေတောနှီးနှောဖလှယ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၁၀-၁၁-၂၀၁၁[ကြာသပတေးနေ့]။

# ရွှန်းမြသာခေါင် လတန်ဆောင်သည်

မိုးရာသီအကုန် ဆောင်းရာသီကူးစ တန်ဆောင်မုန်းလပြည့်ည။ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး မှောင်မျိုးမသွန်း ရွှန်းရွှန်းလက်လက်။ ကြယ်တာရာနက္ခတ်ပေါင်းစုံတို့ ကြည်လင်ရွှန်းမြတောက်ပလျက်။

တန်ဆောင်မုန်းလပြည့်ည၏လမင်းသည် ဆယ့်နှစ်လရာသီ လပြည့်ဝန်းတို့ထက် ထိန်ထိန်သာမြဲ။ ရှုချင်စဖွယ် ကောင်းလှသောည။ မွေ့လျော်ဖွယ် ကောင်းလှသောည။ ညတကာအနက်၊ လတကာတို့ထက် ရွှန်းရွှန်းမြမြ သာယာလှပသော တန်ဆောင်မုန်းလပြည့်ည အခါသမယဖြစ်၏။

သည်မျှ သာယာရွှန်းပ တန်ဆောင်မုန်းလပြည့် ညချမ်းချိန်ခါတွင် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီးသည် မြတ်ဗုဒ္ဓရှင်တော်အပါး သွားရောက်ဖူးမြော်ပြီး တရားဒေသနာတော် ချီးမြှင့်ဟောကြားတော်မူပါရန် လျှောက်ထားခဲ့၏။ မြတ်ဗုဒ္ဓဘုရားရှင်က ရဟန်းပြုရခြင်း၏အကျိုးပြ သာမညဖလသုတ္တန်ကို ဟောကြားတော်မူခဲ့၏။

အဇာတသတ်မင်းကြီးသည် ရဟန်းပြုရခြင်း၏ မြင့်မြတ်သောအကျိုးတရားများကို နာကြားရသောအခါ ရင်ထဲ၌စူးနစ်နေသော ဝေဒနာတို့မှ သက်သာရာရလာ၏။ အိပ်မပျော်သောညများ ကုန်ဆုံးခဲ့ပြီဖြစ်၏။ တရားတော်ကို နာကြားရချိန်မှအစပြု၍ ရတနာသုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်ကိုးကွယ် ပူဇော်လာခဲ့၏။ ယင်းသို့ သာမညဖလတရားတော် ဟောကြားတော်မူခြင်းကို အကြောင်းပြု၍ **တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့**ဟူ၍ သတ်မှတ်ခဲ့ခြင်းဖြစ်၏။

**ခဝဲပွင့်ချိန် လကထိန်** စာဆိုနှင့်အညီ ခဝဲပန်းတို့ ဖူးပွင့်ဝေနေသည့် တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပကြ၏။ ဘုရားရှင်လက်ထက်တော်မှသည် ယနေ့ကာလတိုင်အောင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကထိန်ပွဲများ စည်စည်ကားကား ခင်းကျင်းကျင်းပကြမြဲဖြစ်၏။ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ရဟန်းတော်များသည် ကထိန်အာနိသင်ငါးပါးကို ရရှိခံစားနိုင်ကြ၏။ ကထိန်သင်္ကန်း အလှူရှင်များသည်လည်း ဒါနအကျိုးတရားများ ရရှိကြမည်ဖြစ်၏။

တန်ဆောင်မုန်းလပြည့်အခါသမယသည် လောကဓမ္မ၌ အထူးခြားဆုံးဖြစ်၏။ လတကာတို့ထက် ကြည်လင်ရွှန်းမြ တန်ဆောင်မုန်းလအခါသမယတွင် သာမညဖလတရားတော် နာကြားပူဇော်ခြင်း၊ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဘာဝနာတရား အားထုတ်ခြင်းတို့ဖြင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားများရရှိနိုင်ကြောင်း ကြေးမုံက ရှုမြင်မိပါ၏။ ။

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တီမောလက်စ်တေနိုင်ငံသမ္မတရုံး၏ အထူးကိုယ်စားလှယ် လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တီမောလက်စ်တေနိုင်ငံ သမ္မတရုံး၏ အထူးကိုယ်စားလှယ် H.E. Mr.Hernani Filomena Coelho Da Silva သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့အကြား နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် ဒေသတွင်းအကျိုးဖြစ်ထွန်းစေရေးကိစ္စရပ်များ စသည်တို့အပေါ် ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁၁-၂၀၁၁ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ မွေးမြူသုတ
၄း၅၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၁၆)**
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၁။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၇၃)
၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ (အပိုင်း-၁၉)**
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ အမျိုးသားရေးတေးကဗျာ
၁၅။ ဒို့တာဝန်အရေး(၃)ပါး
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အနုပညာရှင်၏တစ်နေ့တာ
၁၉။ မှတ်တမ်း
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၇)**

# ပတ္တမြားနဂါးဖောင်ဒေးရှင်းက သတ္တုလုပ်ငန်းလုပ်ကိုင်လိုသူများအား အရင်းအနှီး၊ ဈေးကွက်၊ နည်းပညာများ ဥပဒေနှင့်အညီ ကူညီပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၉**

နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် (၄၃)ရက်မြောက်နေ့ အစည်းအဝေး၌ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း တင်သွင်းခဲ့သည့် **သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းကို တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ခွင့်ပြုရန်** အဆိုကို လွှတ်တော်က အတည်ပြုပေးခဲ့သည်။ ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးတို့က ထောက်ခံဆွေးနွေးခဲ့ကြပြီးနောက် အတည်ပြုပေးခဲ့ခြင်း ဖြစ်သည်။

ဖောင်ဒေးရှင်းနှင့်ပတ်သက်၍ ဦးနေဝင်းထွန်း**(ယာပုံ)**အား မေးမြန်းကြည့်ရာ "ပတ္တမြားနဂါး ဖောင်ဒေးရှင်း အမည်နဲ့ ထူထောင်သွားမှာပါ၊ ဖောင်ဒေးရှင်း ဖွဲ့စည်းပုံကို ရေးဆွဲပြီးတာနဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို ဖွဲ့စည်းခွင့်လျှောက်ထားသွားမှာ ဖြစ်ပါတယ်၊ ဖွဲ့စည်းခွင့်ရတာနဲ့ တည်ဆဲဥပဒေများနဲ့အညီ၊ သတ္တုတွင်းဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနဲ့အညီ လုပ်ငန်းစတင်ဆောင်ရွက်တော့မှာပါ"ဟု ပြန်လည်ဖြေကြားသည်။



ဖောင်ဒေးရှင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် အဖွဲ့ခွဲများ ဖွဲ့စည်းသွားမည်ဟု သိရသည်။ ဥပဒေဆိုင်ရာအဖွဲ့ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး ပတ္တမြားနဂါးကုမ္ပဏီမှ ပညာရှင်များ၊ ကျွမ်းကျင်သူများဖြင့် ပေါင်းစပ်ဖွဲ့စည်းသွားမည်ဟု ဆိုသည်။

ဖောင်ဒေးရှင်းအနေဖြင့် သတ္တုလုပ်ငန်း တစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုသူများအား လိုအပ်သော အရင်းအနှီး၊ ဈေးကွက်၊ နည်းပညာနှင့် လုပ်ငန်းလုပ်ကိုင်နည်းများကို ကူညီပေးသွားမည်ဖြစ်ကြောင်း ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌလည်းဖြစ်သူ ဦးနေဝင်းထွန်းက ရှင်းပြသည်။

"အရင်းအနှီးထုတ်ပေးရာမှာ အတိုးမဲ့ထုတ်ချေးပေးမှာဖြစ်ပြီး သတ္တုလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိအောင် ဌာနဆိုင်ရာတွေနဲ့ ဆက်သွယ်ဆောင်ရွက်ရမယ့် ကိစ္စတွေ၊ ကုမ္ပဏီဖွဲ့ချင်ရင်လည်း စနစ်တကျ ဖွဲ့စည်းခွင့်ရရှိအောင် ဆောင်ရွက်ရမယ့် နည်းလမ်းတွေ၊ တူးဖော်တဲ့နည်းပညာတွေ စတဲ့ လုပ်ငန်းလိုအပ်ချက်တွေကို အပြည့်အဝအကူအညီပေးသွားမှာပါ၊ ဖောင်ဒေးရှင်းအနေနဲ့ အကျိုးအမြတ်ကို မကြည့်ဘဲ နိုင်ငံနဲ့ပြည်သူတွေ တိုးတက်ကြီးပွားဖို့အတွက် ရည်ရွယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ဖောင်ဒေးရှင်းကို ဦးနေဝင်းထွန်းက ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ မတည်၍ စတင်ထူထောင်သွားမည်ဖြစ်ပြီး ငွေကြေးလိုအပ်ပါက ထပ်မံဖြည့်ဆည်းသွားမည် ဖြစ်ကြောင်း သိရသည်။ **(အောင်သိယ်)**

# အထက(၉) မော်လမြိုင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မိဘဆရာအသင်း သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှိ ဦးသာညွှန်းဓမ္မာရုံ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံ(ဇီဝ) ဘာသာတွဲ၌ ရမှတ်ပေါင်း ၅၅၀ ဖြင့် ပြည်နယ် ပထမဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်မျိုးမင်းဦး**(အောက်ပုံ)**၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၉ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၅ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၈ ဦးနှင့် အတန်းစဉ်အလိုက် ဆုရရှိသူ ၅၄ ဦးအား လက်ထောက်ပြည်နယ် ပညာရေးမှူး (စစ်ဆေးရေး) ဦးမျိုးတင့်အောင်၊ ကျောင်းအုပ်ကြီး ဒေါက်တာလှလှမော်၊ မိဘဆရာအသင်း အမှုဆောင်များနှင့် ကျောင်းအကျိုးတော်ဆောင်များက ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# အလက(၁) ဒဂုံ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

အလက(၁) ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ဒဂုံမြို့နယ် ကောင်းသုတခန်းမ၌ နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အလက(၁)ဒဂုံ ဖုန်း ၀၁-၂၅၃၄၃၄၊ ကိုဖြိုးဟန် (၂၀၀၃-၂၀၀၄) ဖုန်း -၀၉-၅၁၅၁၂၃၈၊ ကိုဇေယျာပိုင် (၂၀၀၄-၂၀၀၅) ဖုန်း -၀၉-၅၁၀၁၄၅၂၊ ကိုဒေးနိုင်အောင် (၂၀၀၅-၂၀၀၆) ဖုန်း -၀၉-၅၅၀၀၉၁၃၊ ကိုကျော်မင်းသွင် (၂၀၀၆-၂၀၀၇) ဖုန်း -၀၉-၇၃၀၂၉၀၆၈၊ ကိုဟိန်းဇွဲ (၂၀၀၇-၂၀၀၈) ဖုန်း -၀၉-၇၃၀၃၈၅၀၀၊ ကိုစိုးပြေ (၂၀၀၈-၂၀၀၉) ဖုန်း -၀၉-၇၃၉၀၂၉၆၇၊ ကိုအောင်မော်မင်း (၂၀၀၉-၂၀၁၀) ဖုန်း-၀၉-၅၁၁၀၉၆၁၊ မနှင်းအိန္ဒြေလင်း (၂၀၁၀-၂၀၁၁) ဖုန်း-၀၁-၂၁၀၆၃၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

အလှူငွေများကို ကျောင်းတွင် တနင်္လာနေ့မှ သောကြာနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် စနေနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကောက်ခံပေးနေကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၃၃၀ | ၀. ၀၃၂၅၄ |
| တရုတ် (ယွမ်) | ၆. ၃၄၁၂၀ | ၀. ၁၅၇၇၀ |
| အိန္ဒိယ (ရူပီး) | ၅၀. ၁၈၀၀ | ၀. ၀၁၉၉၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၁၉၀၀ | ၀. ၃၂၀၆၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၅၀၈ | ၀. ၇၇၈၁၆ |
| ဂျပန် (ယန်း) | ၇၇. ၆၅၀၀ | ၀. ၀၁၂၈၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၉. ၂၅ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၃၃၆၃ | ၁. ၃၆၃၀၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၆၀၉ | ၁. ၅၉၇၂၂ |

*အင်တာနက်။*

# ကျေးလက်ဒေသ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆိုလာပြားဖြင့် မီးလင်းရေး ရှင်းလင်းသရုပ်ပြ

**စဉ့်ကူး နိုဝင်ဘာ ၉**

စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆိုလာပြားဖြင့် လျှပ်စစ်မီးလင်းရေး ရှင်းလင်းသရုပ်ပြပွဲနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက လက်ပန်လှ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်ကို လည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေမျိုးအောင်က ဆိုလာပြားဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလိုက်နာဆောင်ရွက်ရန်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(၆၂၉)



မော်လ်ဒိုက်နိုင်ငံ၌ နိုဝင်ဘာ ၁၀ရက်မှ ၁၁ရက်အထိ ဆာအတ်ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့် ညီလာခံခန်းမဆောင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံခြားရေးအတွင်းဝန်များ ဆာအတ် ထိပ်သီးဆွေးနွေးပွဲ အကြိုတွေ့ဆုံဆွေးနွေး

နယူးဒေလီ နိုဝင်ဘာ ၉

**အိန္ဒိယနှင့် ပါကစ္စတန် အထက်တန်းတာဝန်ရှိသူများသည် (၁၇)ကြိမ်မြောက် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဆာအတ်) ထိပ်သီးဆွေးနွေးပွဲ အကြိုကာလတွင် မော်လ်ဒိုက်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။**

အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ရန်ဂျန်နမာသီနှင့် ပါကစ္စတန် နိုင်ငံခြားရေးအတွင်းဝန် ဆာလ်မန်းဘာရှီယာ တို့သည် ဆာအတ် ထိပ်သီးဆွေးနွေးပွဲ မကျင်းပမီနှစ်ရက်အလို နိုဝင်ဘာ ၈ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

ဆာအတ်အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်သွယ်ရေးကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် အိန္ဒိယနှင့်ပါကစ္စတန် အထက်တန်း တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း မော်လ်ဒိုက်နိုင်ငံခြားရေးအတွင်းဝန် အာမက်နာဘီယာက ထုတ်ပြန်ကြေညာသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား တင်းမာမှုများဆက်လက်ဖြစ်ပေါ်နေခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့ပါဝင်သော ဆာအတ်အဖွဲ့က ပြောကြားသည်။

**နွေးကွေးစေနိုင်**

အိန္ဒိယနှင့် ပါကစ္စတန်အကြား တင်းမာမှုများဖြစ်ပေါ်ခြင်းဖြင့် ဒေသဆိုင်ရာကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်မှုကို နှေးကွေးစေနိုင်ကြောင်း မော်လ်ဒိုက်တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ **ဆင်ဟွာ။**

# ပြည်သူပိုင်ပြုလုပ်ရေးဥပဒေ သီရိလင်္ကာ၌ပြဋ္ဌာန်းရန်စီစဉ်

**ကိုလံဘို နိုဝင်ဘာ ၉**

သီရိလင်္ကာနိုင်ငံ၌ စစ်ပြီးခေတ်လွန်ကာလ၌ စီးပွားရေး ပြန်လည်တိုးတက်လာစေရန် အစိုးရအဖွဲ့က အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်ဟု သမ္မတ မဟိန္ဒာရာဂျာပက်ဆာက ကတိပြုပြောကြားခဲ့သော်လည်း အသစ်ပြဋ္ဌာန်းရန်စီစဉ်ထားသော ပြည်သူပိုင်ပြုလုပ်ရေးဥပဒေသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများအား ဆွဲဆောင်နိုင်မည်မဟုတ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၉ရက်တွင် သတင်းထုတ်ပြန်သည်။

**- ကန့်ကွက်လျက်ရှိ -**

ပြည်သူပိုင်ပြုလုပ်ရေးဥပဒေသည် မိမိတို့နိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ရရှိစေနိုင်မည်ဟု အစိုးရအဖွဲ့ကပြောကြားသည်။ သို့ရာတွင် အတိုက်အခံအမတ်များက ယင်းဥပဒေကို ကန့်ကွက်လျက်ရှိကြသည်။

သီရိလင်္ကာနိုင်ငံ၌ ၂၀၀၉ခုနှစ်တွင် ပြည်တွင်းစစ်အဆုံးသတ်ခဲ့ပြီးနောက် စီးပွားရေးနာလန်ထူလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လိုအပ်လျက်ရှိသည်။

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သည့်ရက်သတ္တပတ်က အတိုက်အခံနိုင်ငံရေးသမားတစ်ဦး ပိုင်ဆိုင်သော သကြားစက်ရုံတစ်ရုံ၏ ခြံဝင်းအတွင်းသို့ အာဏာရပါတီထောက်ခံသူများက စီးနင်းဝင်ရောက်ခဲ့ကြသည်။ ယင်းစက်ရုံသည် အစိုးရက ပြည်သူပိုင်သိမ်းရန်လျာထားသော စက်ရုံများတွင်ပါဝင်သည်။

ပုဂ္ဂလိကပိုင်သကြားစက်ရုံကို စီးနင်းခဲ့မှုနှင့်ပတ်သက်၍ အစိုးရတာဝန်ရှိသူများက ဝေဖန်ပြောကြားခြင်းမရှိပေ။ **အင်တာနက်။**

# အမေရိကန်၏ အဏုမြူလက်နက်များဆိုင်ရာ အစီရင်ခံစာ အိုင်အေအီးအေ ထုတ်ပြန်ပေးရန်တိုက်တွန်း

တီဟီရန် နိုဝင်ဘာ ၉

**အမေရိကန်နိုင်ငံ၏ အဏုမြူလက်နက်တိုက်များ၊ နျူကလီးယားလက်နက်သယ်ဆောင် နိုင်သော ဒုံးကျည်ထိပ်ဖူးများနှင့် ပတ်သက်၍ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ပေးရန် အီရန်သမ္မတ မာမွတ်အမာဒီနီဂျက်က နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)အား တိုက်တွန်းလိုက်ကြောင်း ဖားစ်သတင်းဌာနက နိုဝင်ဘာ ၉ရက်တွင်သတင်းထုတ်ပြန်သည်။**

အမေရိကန်နိုင်ငံရှိ စစ်စခန်း၁၀၀၀၌ လျှို့ဝှက်စွာသိုလှောင်ထားသော အဏုမြူပုံးများနှင့် ပတ်သက်၍ အိုင်အေအီးအေက အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ပေးသင့်ကြောင်း အီရန်သမ္မတ က ပြောကြားသည်။

**ထုတ်ပြန်သင့်**

အိုင်အေအီးအေသည် အီရန်နိုင်ငံကဲ့သို့ လွတ်လပ်သော နိုင်ငံများ၏ အရပ်ဘက်ဆိုင်ရာ နျူကလီးယားအစီအစဉ်များနှင့် ပတ်သက်၍ ဟုတ်မှန်ခြင်းမရှိသော အစီရင်ခံစာများကို ထုတ်ပြန်နေမည့်အစား အမေရိကန်နိုင်ငံ၏ အဏုမြူလက်နက်များနှင့် ပတ်သက်၍ အစီရင်ခံစာ တစ်ရပ်ကို ထုတ်ပြန်ပေးသင့်ကြောင်း ၎င်းကပြောကြားသည်။

**ချိုးဖောက်နေ**

အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ယူကီယာအမာနိုသည် အမေရိကန်အစိုးရ၏ ရပ်တည်ချက်ဘက်မှ ထပ်လောင်းပြောကြားခြင်းဖြင့် အဖွဲ့အစည်းအဖြစ်လိုက်နာရန် သတ်မှတ်ထားသော စည်းမျဉ်းများကို ချိုးဖောက်နေကြောင်း အီရန်သမ္မတ က ဝေဖန်လိုက်သည်။

ကုလသမဂ္ဂ၏ နျူကလီးယားဆိုင်ရာ ကြီးကြပ်ရေး အေဂျင်စီဖြစ်သော အိုင်အေအီးအေသည် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သော အစီရင်ခံစာကို နိုဝင်ဘာ ၈ရက်တွင် ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ။**



**၁၉၅၃ ခုနှစ်က အမေရိကန်နိုင်ငံ၌ ထုတ်လုပ်ခဲ့သည့်ပထမဆုံးသော နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တစ်စင်းကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# ဟေတီကာလဝမ်းရောဂါဒုက္ခသည်များ ကုလသမဂ္ဂထံမှ နစ်နာကြေးတောင်းခံ

ပေါ်တိုပရင့်စ် နိုဝင်ဘာ ၉

**ကာလဝမ်းရောဂါကပ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသော ဟေတီနိုင်ငံသားများသည် ၎င်းတို့ခံစားခဲ့ရသည့် ဒုက္ခများအတွက် နစ်နာကြေးအဖြစ် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာအား ကုလသမဂ္ဂထံမှ တောင်းဆိုလျက်ရှိကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများတွင် ဖော်ပြသည်။**

လေ့လာတွေ့ရှိချက်အများအပြား၏အဆိုအရ ကာလဝမ်းရောဂါသည် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များ၌ ပါဝင်သော နီပေါတပ်ဖွဲ့ဝင်များမှတစ်ဆင့် ဟေတီနိုင်ငံအတွင်း ကူးစက်ပျံ့နှံ့ခဲ့ရကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုအခြေစိုက် တရားဥပဒေနှင့် ဒီမိုကရေစီရေးရာ အင်စတီကျူအမည်ရှိ အဖွဲ့အစည်းတစ်ရပ်က ဝမ်းရောဂါကပ်ဘေးကို ရင်ဆိုင်ခဲ့ရသူ ဟေတီနိုင်ငံသားများ အနက် ၅၀၀၀ ခန့်၏ကိုယ်စား နစ်နာကြေး တောင်းခံမှုပြုလုပ်ခဲ့သည်။

ဟေတီနိုင်ငံရှိ ကုလသမဂ္ဂဌာနများသည် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၌ ဝမ်းရောဂါ ရှိ၊ မရှိစစ်ဆေးရန် ပျက်ကွက်ခဲ့ပြီး ကုလအခြေစိုက်စခန်းတစ်ခုမှ ထွက်ပေါ်လာသော အညစ်အကြေးများကိုလည်း ဟေတီနိုင်ငံ၏ အဓိကမြစ်ကြောင်းအတွင်း စွန့်ပစ်ခွင့်ပေးခဲ့ကြောင်း တရားဥပဒေနှင့် ဒီမိုကရေစီရေးရာ အင်စတီကျူက ပြောကြားခဲ့သည်။

၂၀၁၀ ခုနှစ် အောက်တိုဘာလမှ စတင်ပျံ့နှံ့ဖြစ်ပွားခဲ့ရသော ကာလဝမ်းရောဂါကြောင့် ဟေတီနိုင်ငံသား ၆၅၀၀ ကျော် သေဆုံးခဲ့ရပြီး ၅၀၀၀၀၀ နီးပါးမျှ ဝေဒနာခံစားခဲ့ရသည်။

တရားဥပဒေနှင့် ဒီမိုကရေစီရေးရာ အင်စတီကျူက ကာလဝမ်းရောဂါကြောင့် သေဆုံးခဲ့ရသူ ဟေတီနိုင်ငံသားများအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ တစ်သိန်းနှင့် ဝေဒနာခံစားခဲ့ရသူများအတွက် တစ်ဦးလျှင် ဒေါ်လာ ၅၀၀၀၀ နစ်နာကြေးအဖြစ် တောင်းဆိုထားသည်ဟုဆိုသည်။ ***အင်တာနက်။***

# တောင်အာဖရိက၌ မြေအောက်ရထားဖြင့် အမှိုက်များ သယ်ဆောင်မည်

**အိစ်လန်ဒန် နိုဝင်ဘာ ၉**

တောင်အာဖရိကနိုင်ငံ အရှေ့တောင်ပိုင်းပင်လယ်ကမ်းရိုးတန်းဒေသရှိ အိစ်လန်ဒန်မြို့၌ မြေအောက်ရထားဌာနသည် စွန့်ပစ်အမှိုက်သရိုက်များကို စုပုံရာနေရာများသို့ သယ်ယူပို့ဆောင်ပေးရန် စည်ပင်သာယာရေးဌာနနှင့် ကန်ထရိုက်စာချုပ်တစ်ရပ်ချုပ်ဆိုထားပြီဖြစ်ကြောင်း နိုဝင်ဘာ ၇ရက်က ကျင်းပသော အလုပ်ရုံ ဆွေးနွေးပွဲ တစ်ရပ်တွင် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှုပြဿနာ လျော့ပါးစေနိုင်သော နည်းလမ်းတစ်ရပ်အဖြစ် အမှိုက်တင်ထရပ်ကားများ အများအပြားအသုံးပြုနေရမှုကို လျှော့ချနိုင်ရန် စွန့်ပစ်အမှိုက်များကို ဖို့မြေဒေသများသို့ သယ်ဆောင်ရာ၌ မြေအောက်ရထားများကို အသုံးပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြေအောက်ရထားဌာန၊အမျိုးသားသဘာဝဘေးအန္တရာယ်ထိန်းသိမ်းရေးဌာနနှင့် တောင်အာဖရိက ဒေသန္တရအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်သော အလုပ်ရုံဆွေးနွေးပွဲတွင် မြို့ပြဒေသသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

မြို့ပြဒေသများ၌ ကိုယ်ပိုင်ကားသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် အမြန်ဘတ်စ်ကားလိုင်းများကို ထူထောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

# ရုရှားနှင့် ဂျာမနီ ဆက်သွယ်ထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖွင့်လှစ်

**ဘာလင် နိုဝင်ဘာ ၉**

ဥရောပအနောက်ပိုင်းဒေသကို ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ သဘာဝဓာတ်ငွေ့မြေနှင့် ဆက်သွယ်ထားသော ဘောလ်တစ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်နှင့် ရုရှားသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်တို့က နိုဝင်ဘာ ၈ ရက်၌ ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းများတွင်ဖော်ပြသည်။

ဂျာမနီနိုင်ငံသည် စွမ်းအင်ဖူလုံမှုအတွက် စိတ်ချရမှုရရှိရေးအတွက် နိုင်ငံတကာမှ စွမ်းအင်ထောက်ပံ့ပေးမှုများကို လက်ခံရယူသွားမည်ဖြစ်ကြောင်း ဘောလ်တစ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ် မာကဲလ်က ပြောကြားသည်။

ဘောလ်တစ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ဖွင့်လှစ်နိုင်ခြင်းသည် ရုရှားနိုင်ငံနှင့် ဂျာမနီနိုင်ငံ အပါအဝင် ဥရောပသမဂ္ဂအကြား ဆက်ဆံရေးမြှင့်တင်နိုင်မည့် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ရုရှားသမ္မတက ပြောကြားသည်။

ဘောလ်တစ်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း ဖွင့်လှစ်နိုင်ခြင်းနှင့် ပတ်သက်၍ ရုရှားမီဒီယာများက ချီးကျူးရေးသားခဲ့ကြသည်။ ရုရှားနိုင်ငံရှိ စိန့်ပီတာစဘတ်မြို့ကို ထူထောင်ခဲ့သူ ပီတာသည်ဂရိတ် ဘုရင်သည် အနောက်နိုင်ငံများအား တံခါးဖွင့်ပေးသည့်မူဝါဒ ကျင့်သုံးခဲ့သည့် နည်းတူ ရုရှားအစိုးရအဖွဲ့ကလည်းအနောက်နိုင်ငံများနှင့် စီးပွားရေး ဆက်ဆံမှု မြှင့်တင်လျက်ရှိကြောင်း သတင်းဝေဖန်ချက်များတွင် ဖော်ပြသည်။ ဆင်ဟွာ။



***ဆိုက်ဘေးရီးယားမှ ဂျာမနီနိုင်ငံသို့ ဆက်သွယ်ထားသော ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း အတွက် တည် ဆောက် ရေး လုပ်ငန်း မှတ်တမ်းပုံကို တွေ့ရစဉ်။*** *(ဓာတ်ပုံ-အင်တာနက်)*



# ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်

## သုံးခွမြို့နယ်လုံးဆိုင်ရာ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၉**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ စစ်ကုန်းကျောင်းတိုက်၌ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် အခမဲ့ကျန်းမာ-သုခ ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုံးခွမြို့ မြို့မ ရေလည်ကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသည့် သုံးခွမြို့နယ်လုံးဆိုင်ရာ မဟာအတုလဝေယံ သာသနာ့ဗိမာန်တော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ**(ဝဲပုံ)** မဟာအတုလဝေယံ သာသနာ့ဗိမာန်တော် တည်ဆောက်ရေးဦးစီးကော်မတီဝင်များ၊ ဌာနဆိုင်ရာများအား လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ၏ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ပြည်သူလူထုအား အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးခြင်း သာမက အလုပ်လုပ်ကိုင်နေသူများ၏ လိုအပ်သော အရင်းအနှီးများကို အတိုးနှုန်းသက်သာစွာဖြင့် ရင်းနှီးမတည် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း အစုအဖွဲ့ ၁၇၉၀၅ ဖွဲ့ ဖွဲ့စည်းထားရှိကာ ငွေကျပ် ၈၁၄၂၉ ဒသမ ၆၆ သိန်း ရင်းနှီးငွေထုတ်ချေးထားပြီးဖြစ်ကြောင်း၊ ရင်းနှီးမတည်ငွေများ ထုတ်ချေးရာတွင် အမှန်တကယ်လုပ်ငန်း လုပ်ကိုင်လိုသူများ၏ လက်ဝယ်သို့ ရောက်ရှိရေး၊ အသုံးစရိတ်များသည်လည်း အမှန်ကုန်ကျသင့်သော အသုံးစရိတ်များဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်နှင့် ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက အစုအဖွဲ့များ စုဖွဲ့ထားရှိမှု၊ ချေးငွေထုတ်ပေးမှု၊ ပြန်လည်ပေးဆပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၁-၂၀၁၁ (ကြာသပတေးနေ့)**

**[၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ (ဥပုသ်နေ့)]**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကလျာဏီရပ်ကွက် ဝင်းနိမ္မိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)၏ "သာမညဖလအခါတော်နေ့တရားတော်"
- ၈း၁၀ ၄။ ဓမ္မပူဇာတေးအစီအစဉ်
- ၈း၂၅ ၅။ တန်ဆောင်တိုင်တေးများ
- ၈း၃၅ ၆။ International News
- ၈း၄၀ ၇။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၅ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (မြတ်ဘုရားရွှေတိဂုံ)
- ၄း၃၀ ၅။ အဆိုပြိုင်ပွဲ
- ၄း၃၅ ၆။ "ဇီဝိတဒါနသွေးလှူကြစို့"
- ၄း၄၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
- ၄း၅၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၁၀ ၁၀။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
- ၅း၂၀ ၁၁။ တန်ဆောင်တိုင်တေးများ
- ၅း၃၅ ၁၂။ သီတဂူဆရာတော်ကြီး၏ "သာမညဖလသုတ္တန်တရားတော်"
- ၆း၀၀ ၁၃။ ညနေခင်းသတင်း
- ၆း၁၅ ၁၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၅။ **လေးဆူဓာတ်ပျော်ရွှေဆံတော်**
- ၆း၃၅ ၁၆။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၄)**
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ အစာလည်းဆေး၊ ဆေးလည်းအစာ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၁၆)**
- ၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၆)**
- ၂၄။ အစီအစဉ်ပြီး၏။

# တောင်တွင်းကြီး၌ မတ်ပဲစိုက်ပျိုးချိန် မတ်ပဲ(မျိုး)ဈေးကောင်း

**တောင်တွင်းကြီး နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အောက်တိုဘာ တတိယပတ်မှစ၍ ကောက်လတ်စပါးများကို တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခြွေလှေ့ကြပြီး ဈေးကွက်သို့ တင်ပို့ရောင်းချ၍ မိုးစပါးရိတ်သိမ်းပြီး လယ်ကွင်းများ၌ မတ်ပဲများ အချိန်မီစိုက်ပျိုးနိုင်ရန် မတ်ပဲမျိုးစေ့များကို တောင်သူများ အပြိုင်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ တောင်သူများ မိုးစပါးရိတ်သိမ်းပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲများစိုက်ပျိုးမှု ယခင်နှစ်ကထက်များပြားလာသဖြင့် မတ်ပဲမျိုးစေ့တစ်တင်းလျှင် ကျပ်နှစ်သောင်းငါးထောင်အထိ ဝယ်ယူစိုက်ပျိုးရကြောင်း ကွမ်းခြံစုကျေးရွာ တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

အောက်တိုဘာ ပထမပတ်က မတ်ပဲတစ်တင်းလျှင် ကျပ်တစ်သောင်းရှစ်ထောင်သာရောင်းချရကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးကုန်သည်တစ်ဦး၏ ပြောပြချက်အရ သိရသည်။ (၅၈၀)

# မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ နမ့်ခမ်းဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်ခင်မြို့၊ ဒုတိယဆုရ ချောင်းဆုံဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်သင်းသင်းအေးရွှေနှင့် တတိယဆုရ စီမံခန့်ခွဲရေးဌာနမှ ဦးအောင်မျိုးထွန်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်းက သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား ဟသ်ာတဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဦးမင်းဟိန်းသို့ လည်းကောင်း၊ သင်တန်းတွင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များကို ဆရာ၊ ဆရာမများကိုယ်စား မြန်မာ့စီးပွားရေးဘဏ်မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ဝင်းဝင်းမြင့်သို့ လည်းကောင်း ပေးအပ်သည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၁)တွင် သင်တန်းသား၊ သင်တန်းသူ ၅၀ သည် ရက်သတ္တလေးပတ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ပညာဗဟုသုတများ၊ မျက်မှောက်စီးပွားရေးရာ အခြေအနေများ စသည်တို့ကို လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# အင်းလေးကန်ဘေးမဲ့တောသို့ ဆောင်းခိုငှက်များ လာရောက်ကျက်စားလျက်ရှိ

**ညောင်ရွှေ နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ တောင်ပေါ်ရေအိုင်ကြီးဖြစ်သော အင်းလေးကန်သည် ရေချိုရေတိမ်ဒေသ ဂေဟစနစ်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲများစုံလင်ရာ နေရာဒေသတစ်ခုဖြစ်သည်။ သက်ရှိသက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝမှုကြောင့် ပြည်တွင်းပြည်ပ ဧည့်သည်များ၊ သုတေသနပညာရှင်များ စိတ်ဝင်စားရာနယ်မြေတစ်ခုလည်း ဖြစ်သည်။

အင်းလေးကန်အတွင်းသို့ နှစ်စဉ် ဆောင်းခိုငှက်များလာရောက်၍ ဌာနေငှက်အများအပြားနှင့်အတူ နေထိုင်ကျက်စားလျက်ရှိကြောင်း၊ နိုဝင်ဘာ၊ ဒီဇင်ဘာမှစ၍ မတ်လခန့်အထိ လာရောက်ဆောင်းခိုလျက်ရှိပြီး ဆောင်းရာသီတွင် ငှက်ကောင်ရေ အများဆုံး ၂၀၀၀၀ ကျော် လာရောက်ကျက်စားကြောင်း အင်းလေးကန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အင်းလေးကန်ရှိ ဆောင်းခိုငှက်များ၊ ဌာနေငှက်များ၊ ကုန်းနေရေနေသတ္တဝါများကို ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပေးရန်လိုကြောင်း၊ ကန်၏ဂေဟစနစ်ကို မထိခိုက်စေဘဲ သဘာဝသယံဇာတအရင်းအမြစ်များကို စနစ်တကျ ထုတ်ယူသုံးစွဲရန်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်းလေးကန်ဘေးမဲ့တောသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခြင်းခံရသော သဘာဝရေအိုင်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ (၆၇၃)

# ကထိန်သင်္ကန်း လှူရှင်လန်း၊ မီးပန်းပွင့်တုန်း တန်ဆောင်မုန်း

**တင်ထွဋ်**

တန်ဆောင်မုန်းလသည် မြန်မာပြက္ခဒိန်လများတွင် အဌမမြောက်လဖြစ်သည်။ ထိုလ၏ ပထမလဝက်သည် မိုးရာသီတွင်ကျရောက်၍ ဒုတိယလဝက်သည် ဆောင်းရာသီတွင် ကျရောက်သည့်အတွက် မိုးနှောင်း၊ ဆောင်းဦး သာယာကြည်နူးဖွယ်ရာကောင်းသော လရာသီဖြစ်သည်။ ဤရာသီတွင် နှင်းများ ကျဆင်းလိုက်၊ မိုးပေါက်များ ရွာချလိုက်ဖြစ်လာခြင်းကြောင့် ရှေးတောင်သူလယ်သမားကြီးများက **“တန်ဆောင်မုန်းတွင်၊ ဆီးနှင်းတစ်ပြိုက် မိုးတစ်လိုက်”** ဟု မိုးဆောင်ပုဒ်ဖွဲ့ဆိုခဲ့ကြသည်။ ဤတန်ဆောင်မုန်းလတွင် မိုးရွာသွန်းမှု အားနည်းလာသဖြင့် **“မီးပန်းပွင့်တုန်း တန်ဆောင်မုန်း၊ ထစ်ချုန်းမိုးမဖွဲ့”** ဟု ကဝိလက္ခဏာသတ်ပုံလင်္ကာတွင် စပ်ဆိုခဲ့ကြသည်။ ကောင်းကင်ပြာတစ်ခွင်တွင် ကြည်လင်လျက်ရှိပြီး ဆောင်းရာသီ၏ ရှေ့ပြေး၊ မြောက်လေအေးသည်လည်း ဖြည်းညင်းစွာ တိုက်ခတ်စပြုလာပြီဖြစ်ပေသည်။ တောင်သူလယ်သမားများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာသည့် ရွှေဝါရောင် လယ်ကွင်းပြင်ဝယ် စပါးနှံများအနေဖြင့် အသီးကင်းအဖြစ် ဝတ်ဆံကလေးများ တင်းမာဖုလုံးလာချိန်ကို အကြောင်းပြုလျက် **“ဖုံးတုန်းလုံးတုန်း၊ တန်ဆောင်မုန်း”** ဟု လည်းကောင်း စပ်ဆိုပြောစမှတ်ပြုကြပြန်ပါသည်။

မြောက်လေပြန်စ ငွေနှင်းကလေးများ အံ့ဆိုင်းစကာလဖြစ်သည့် တန်ဆောင်မုန်းလသည် ကျီးတာရာနှင့် ကြတ္တိကာနက္ခတ် ပေါ်ထွက်ချိန်ဖြစ်ပြီး ခဝဲပန်းများ ပွင့်ဖူးချိန်ဖြစ်၍ ရွှေနန်းတော်ကြီးမှအစ တစ်နိုင်ငံလုံးအနှံ့တွင် ကထိန်ပွဲသဘင်များ ခင်းကျင်းကြပုံတို့နှင့် စပ်လျဉ်း၍ ရာသီဖွဲ့လွမ်းချင်းစာဆိုကျော် မဟာအတုလမင်းကြီး၏ တန်ဆောင်မုန်းလဖွဲ့ လွမ်းချင်းတွင်-

> **“မြောက်လေငယ်သွင်းပါလို့၊ မြူနှင်းစိုစို၊**
> **မြင်တိုင်းငယ်ပြုံသည်၊ ရွှေကျီးညိုတာရာနှင့်၊**
> **ကြတ္တိကာ ထွန်းတဲ့လကိုလေး။**
> **တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင်၊**
> **ချမ်းမြေ့ရေင်၊ ဗြိစ္ဆာခွင်သို့၊**
> **ရက်ငင်ပြောင်ခွာ၊ ခဝဲညှာလဲ၊**
> **ခိုင်လွှာဝတ်မှုန်၊ ရနံ့သာထုံတော့တယ်၊**
> **ဘုန်းဂုဏ်ကြော့သမ္ဘိန်မှာ၊ လှူကထိန်သဘင်ခင်းလို့၊**
> **ကျင်းကြတယ်လေး”**

ဟုလည်းကောင်း၊

တန်ဆောင်မုန်းလ၏ ရာသီခွင်၊ စန်းယှဉ်နက္ခတ်၊ ရာသီပန်း၊ ရာသီပွဲများအပြင် တန်ဆောင်မုန်းလ၏ ပြဿဒါးရက်နှင့် ရက်ရာဇာရက်များကို ရှေးစာဆိုတစ်ဦးက အောက်ပါအတိုင်း ရေးဖွဲ့ခဲ့ပေသည်-

> **“မိုက်မှောင်လွှင့်ဖြုန်း၊ တန်ဆောင်မုန်း၊**
> **ဆောင်မှုန်းခေါ်သကား။**
> **ဟထိုးပျောက်ကာ၊ ပြောင်းရွှေ့လာ၊**
> **မုန်းသာခုထင်ရှား။**
> **မသိုးသင်္ကန်း၊ ရက်လှူဒါန်း၊**
> **တန်ဆောင်မီးပွဲများ။**
> **ဗြိစ္ဆာရာသီ၊ ခေါ်တွင်ညီ၊**
> **ကြတ္တိပွဲလည်းထား။**
> **စန်းနှင့်ယှဉ်လာ၊ ကြတ္တိကာ၊**
> **ပန်းမှာခဝဲပြား။**
> **နဝင်းစစ်ဟန်၊ ဩရီမှန်၊**
> **ဉာဏ်ဝင်ရှုစေသား။**
> **ပြဿဒါးပြ၊ ဟိုင်းသီဟ၊**
> **ရှောင်ကြထိုရက်များ။**
> **နေ့နာရီမှာ၊ ဌဝီသာ၊**
> **ညဥ့်မှာကြွင်းမှတ်ထား။**
> **မွန်းတည့်ချိန်ခါ၊ တိုင်းလေပါ၊**
> **ဆာယာလေးဖဝါး။”**

ဟု ရေးဖွဲ့ထားပါသည်။

မိုးရာသီကုန်ဆုံးခါစ ဟေမန္တဆောင်းရာသီဦးကာလတွင် တောတွင်းရှိ သစ်ပင်ကြီးငယ်တို့သည် ရွက်ဟောင်းများ ကြွေ၍ ရွက်သစ်ဖူးငုံကလေးများ အစီအရီ ဝေဆာစွာ ပေါ်ထွက်လာကြသည်ကို အကြောင်းပြု၍-

> **“အလွန့်ဖွေးလို့၊ ပြာရေးဝေမှုန်၊**
> **ခဝဲသင်းကြိုင်၊ ပွင့်တံလှိုင်သည်၊**
> **ဂနိုင်စုံခြေတောက၊ ရွက်လျှောကြွေ ပုရစ်မှာ၊**
> **ဖူးသစ်စငုံ။”**

ဟူ၍ တစ်နည်း၊

ငွေရောင်သန်းလျက်ရှိသော မြစ်တွင်းသောင်စွယ်တွင် လွန်းကြင်ငှက်နှင့် မြစ်တွေးစင်ရော်ငှက်ကလေးများ မောင်နှံတွဲလျက် ခေါက်တုံ့လူးလာ ပျံဝဲနေကြသည့် အခြင်းအရာတို့ကို အကြောင်းပြု၍-

> **“မြတ်သမုသာကိန်မှာ၊ ခါကထိန်လှူဆဲ၊**
> **ပွင့်ရွှေဝါခိုင် ခဝဲနှင့်၊ ပုလဲဖြန့်သောင်စွယ်၊**
> **ငှက်လွန်းကြင် ရွှေမြစ်တွေးသို့၊**
> **ချစ်ရေးခု ခေါက်တဲ့တင်လှယ်”**

ဟူ၍ တစ်ဖုံ၊

ယင်းသောင်စွယ်ရေစပ်တွင် ဘာသာဘာဝအလျောက် ငှက်မောင်နှံကလေးများ ချစ်ခင်စဖွယ် အမူအရာတို့ဖြင့် လူးလာပျံသန်းနေကြစဉ် အံ့ဆိုင်းညိုမှိုင်းလာသည့် မိုးကောင်းကင်ကို ရှုမြင်ရသည့်သူများ၏ ရင်တွင်းဝယ် ဆွေးမြည့်ပင်ပန်းရပုံကို-

> **“ယှက်တောင်နွယ်၊ ငှက်မောင်မယ်ဖိုမယ်တို့၊**
> **ချို့နွဲ့ငယ်မူအရာနှင့်၊ ပျူငှာဖန်ထွေထူးလို့၊**
> **ရေဦးမှာသန်း။**
> **သည်အချိန်၊ ပြည်ဝတီပြေမော့က၊**
> **ပွေရော့ဟယ်ဆိုသလိုပ၊ ညိုတညို မိုးမာန်ခုရင်ဖြင့်မေ၊**
> **လဲသေလုပန်း”**

ဟူ၍ တစ်လီ၊

ခဝဲပန်းများ ဝေဝေဆာဆာ ဖူးပွင့်ချိန်ဖြစ်သည့် ကြည်နူးဖွယ်ကောင်းလှသော ဤတန်ဆောင်မုန်းလ၏ တောတောင်ရေမြေအလှအပများကို ရှုမြင်ခံစားရသမျှ ကွက်ကွက်ကွင်းကွင်း ထင်သာမြင်သာအောင် လက်ရာမြောက်စွာ ရေးဖွဲ့ခဲ့ကြသည်ကို လေ့လာသိရှိနိုင်ပါသည်။

ဆောင်းရာသီဝင်ခါစ ကာလဖြစ်သည့်အတွက် ဆီးနှင်းများစွာ မကျဆင်း၊ ကောင်းကင်ပြာတစ်ခွင်မှာ တိမ်မြူတွေကင်းစင် ကြည်လင်နေခြင်း၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲဆင်ယင်ကျင်းပခြင်းစသည်တို့နှင့် စပ်လျဉ်း၍ စာဆိုအကျော်ရှင်မဟာရဋ္ဌသာရဆရာတော်က-

> **“မီးပန်းပွင့်တုန်း၊ တန်ဆောင်မုန်း၊**
> **မအုန်းဝဿ၊ မကျနှင်းဖြူ တိမ်မြူစင်ကာ”**

ဟု ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် စပ်ဆိုတော်မူခဲ့လေသည်။ တန်ဆောင်မုန်းလပြည့်နေ့သည်ကား ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ နေ့ထူးရက်မြတ်ပင် ဖြစ်သည်။ **တန်ဆောင်မုန်းလပြည့် တန်ဆောင်တိုင်ပွဲတော်ကား ဆီမီးညှိထွန်းပူဇော်သည့် လဖြစ်သကဲ့သို့ ကထိန်သင်္ကန်း ကပ်လှူရသည့် ထူးမြတ်သည့် လလည်းဖြစ်သည်။ ထို့အပြင် ဤတန်ဆောင်မုန်းလပြည့်နေ့၌ မြတ်စွာဘုရားသခင်က အဇာတသတ်မင်းအမှူးပြုသော ပရိသတ်တို့အား ရဟန်းပြုရသော အကျိုးပြသည့် သာမညဖလသုတ်တရားထူးကို ဟောကြားတော်မူသည့် နေ့ထူးရက်မြတ်ပင် ဖြစ်သည်။** တန်ဆောင်မုန်းလသည် တစ်နှစ်တာကာလ၏ လအလယ်ရာသီဖြစ်သကဲ့သို့ ဟေမန္တဆောင်းဥတုသို့ ချင်းနင်းဝင်ရောက်သည့်လလည်း ဖြစ်သည်။ ပတ်ဝန်းကျင်၌ စိုက်ပျိုးထားသော စပါးသီးနှံများ ပေါ်စပြုသာယာသော အချိန်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့် အခါသမယတွင် ကောင်းကင်၌ ရွှေလမင်းထိန်သာလျက် ဗြိစ္ဆာရာသီ ကြတ္တိကာနက္ခတ်နှင့် ဆယ့်နှစ်လရာသီ၏ လပြည့်တို့တွင် သာလွန်အေးမြ သာယာလှပဆုံး လပြည့်ညချမ်းဖြစ်သည်။

ဤသို့ အေးချမ်းသာယာပြီး အလွန်အေးမြသာယာလှပသော နက္ခတာရာစုံလင်သောလတွင် နတ်မင်းပူဇော်သောလ၊ မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းသော လ၊ ဆေးဖက်ဝင် မဲဇလီဖူးသုပ်များ ဝေငှစွန့်ကြဲစားသုံးသော လဟူ၍လည်း ထူးခြားမှုအစဉ်အလာများဖြင့် ပြည့်စုံလျက်ရှိပါသည်။ အထူးသဖြင့် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းသည့် ဗုဒ္ဓဘာသာအစဉ်အလာမှာ ဤတန်ဆောင်မုန်းလ၏ အထူးခြားဆုံး၊ အမွန်မြတ်ဆုံးအလှူဒါနအစဉ်အလာဖြစ်ပါသည်။

အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်၏ အေးချမ်းသာယာသော ကြည်လင်မှုကို မြင်သောအခါ အဘယ်သို့သော ရဟန်းသာမဏေ၊ အဘယ်သို့သောဗြဟ္မဏတို့ထံ ဆည်းကပ်ရလျှင် ကောင်းမည်နည်းဟု တွေးတောမိသည်။ မင်းချင်းတို့က မိမိတို့ကိုးကွယ်ရာ မိစ္ဆာဒိဋ္ဌိဆရာကြီး ခြောက်ဦးကို ညွှန်ပြသော်လည်း ဗုဒ္ဓဘာသာဝင် ဆရာဇီဝက ကမူ မည်သို့မျှ မလျှောက်တင်ဘဲ ဆိတ်ဆိတ်နေသည့်အခါ အဇာတသတ်ဘုရင်က ငါနှင့်ရွယ်တူ ဇီဝက အဘယ့်ကြောင့်ဆိတ်ဆိတ်နေပါသနည်းဟု မေးတော်မူ၏။ ထိုအခါ ဇီဝကသည် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ချီးကျူးကာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် ကျွန်တော်မျိုး၏ သရက်ဥယျာဉ်၌ များစွာသော ရဟန်းအပေါင်းခြံရံလျက် သီတင်းသုံးနေတော်မူပါသည်။ ထိုဘုရားရှင်အား အရှင်မင်းကြီးဆည်းကပ်ရပါမူ အရှင်မင်းမြတ်၏ စိတ်တော်ကြည်လင်လာပါလိမ့်မည်ဟု လျှောက်တင်လေသည်။

ဆရာဇီဝက လျှောက်တင်သောစကားကြောင့် အဇာတသတ်ဘုရင်ကြီး ဝမ်းသာအားရတော်မူ၍ ဆင်မြင်းဗိုလ်ပါခြံရံလျက် မီးရှူးမီးတိုင်တို့ဖြင့် ထွန်းညှိပြီး ဆရာဇီဝက၏ ဥယျာဉ်တော်သို့ သွားရောက်ကြသည်။ ရဟန်းအပေါင်းခြံရံလျက်ရှိသော မြတ်စွာဘုရားရှင်ကို ဖူးတွေ့ရာ အဇာတသတ်မင်းကြီးက မေးမြန်းလျှောက်ထားသဖြင့် မြတ်စွာဘုရားရှင်က ဤတန်ဆောင်မုန်းလပြည့်နေ့ည၌ **သာမညဖလသုတ်**ကို ဟောကြားတော်မူသည့် သာမညဖလသုတ်ကို အကြောင်းပြု၍ ဤတန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ဟု သတ်မှတ်တော်မူခဲ့ပါသည်။

တန်ဆောင်မုန်းလကို ကထိန်လဟူ၍လည်း လောကဝေါဟာရအနေဖြင့် သတ်မှတ်ခေါ်ဝေါ်ကြသည်။ ကထိန်ဟူသည် **“ကထိန”** ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာပြီး အဆုံးသရကို ချေ၍ မြန်မာမှုပြုထားခြင်းဖြစ်သည်။ ကထိန်၏ အဓိပ္ပာယ်မှာ မြဲမြံခြင်း၊ ခိုင်ခံ့ခြင်းဖြစ်၍ ခိုင်မြဲခြင်းအကျိုးတရားငါးပါးကို ရရှိစေသောကြောင့် ကထိန်ဟုခေါ်ဆိုခြင်းဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူပွဲနှင့် ပတ်သက်၍ ပဒုမမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရားရှင်တို့ လက်ထက်ကတည်းက ကထိန်သင်္ကန်းကပ်လှူခွင့်ပြုခဲ့ကြောင်း၊ ပဒုမဘုရားရှင်ကိုယ်တိုင် သင်္ကန်းချုပ်ရာမှ အပ်နဖားထိုး အကူအညီပေးခဲ့ကြောင်း ဗုဒ္ဓစာပေ အဋ္ဌကထာများတွင် ဖွင့်ဆိုခဲ့ကြပါသည်။

ဂေါတမမြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေးဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးနှင့် ညီနောင်များဖြစ်သော ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ မြတ်စွာဘုရားအား ဖူးမြော်ရန် ပါဝေယျကတိုင်းမှ လာကြရာတွင် ခရီးအကြားရှိ သာကေတမြို့၌ ဝါကပ်ကြကုန်၏။ ဝါကျွတ်၍ ဘုရားရှင်ရှေ့မှောက်ရောက်ကြရာတွင် ခွင့်ပြုထားသည့် သင်္ကန်းသုံးထည်စလုံး စိုစိုစွတ်စွတ်ဖြင့် ရောက်ရှိလာကြသည့်အတွက် ရဟန်းတို့၏ ပင်ပန်းဆင်းရဲမှုကို အကြောင်းပြုပြီး ကထိန်သင်္ကန်းခင်းလှူခြင်းကို ခွင့်ပြုတော်မူခဲ့သည့်ကာလမှ စတင်၍ ကထိန်ဖြစ်ပေါ်ခဲ့လေသည်။

ကထိန်လျာသင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူတော်များကို လှူဒါန်းကြသော ဒါယကာ၊ ဒါယိကာမတို့သည်လည်း ကထိန်သင်္ကန်းလှူဒါန်းမှုကြောင့် အောက်ပါ အကျိုးတရားငါးပါးကို ရရှိခံစားနိုင်ကြမည်ဖြစ်သည်-

**(၁) အချုပ်အချယ်အတားအဆီးမရှိ မိမိလိုရာအရပ်သို့ လွတ်လပ်စွာ သွားလာနိုင်ခြင်း၊**
**(၂) နိဗ္ဗာန်မရမီ ဘဝစပ်ကြား၌ ပြုလုပ်ကြသော ကိစ္စအဝဝတို့တွင် လွယ်ကူစွာပြုလုပ်နိုင်ခြင်း၊**
**(၃) မိမိ၌ ဝတ်ဆင်၍ မကုန်နိုင်လောက်အောင် အဝတ်တန်ဆာ စည်းစိမ်ဥစ္စာတို့ပေါများပြီး မိမိကိုယ်တိုင် ချမ်းသာစွာ သုံးစွဲနိုင်ခြင်း၊**
**(၄) မိမိစားသုံးသော အစားအစာများမှာ ပေါများ၍ အဆိပ်အတောက်အန္တရာယ်မရှိခြင်း၊**
**(၅) မိမိ၏ စည်းစိမ်ဥစ္စာများ ရန်သူမျိုးငါးပါးဘေးကြောင့် ပျက်စီးမှုမကြုံတွေ့ရခြင်း**

တို့ဖြစ်သည်။

မသိုးသင်္ကန်းကပ်လှူပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲ၊ မီးထွန်းပွဲတော်၊ မိဘဆရာ၊ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ပွဲ၊ မဲဇလီဖူးသုပ်လှူပွဲများကို ထင်ရှားသော တန်ဆောင်မုန်းလတွင် ကျင်းပလေ့ရှိသည်။

မြို့ရွာကြီးငယ်တို့၌ ဆီမီးတစ်ထောင်ထွန်းညှိခြင်း၊ နေအိမ်အတွင်းအပြင်မှစ၍ မီးဖို၊ လှေကား၊ စပါးကျီ၊ မြင်းဇောင်း၊ နွားခြံ၊ မောင်းဆုံများ၌ ဆီမီးထွန်းပူဇော်ခြင်းတို့ကို အစဉ်တစိုက် ပြုလာခဲ့ကြရာ ယခုမျက်မှောက်ခေတ်၌လည်း မြန်မာလူမျိုးတို့သည် အစဉ်အလာမပျက် ဆီမီးထွန်းညှိပူဇော်လျက်ပင်ရှိကြပေသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီပင်ကို ဆေးပေါင်းခသည့်အပင်ဟု ယူဆကြသည်။ အနာမျိုး ၉၆ ပါးကင်းရန်ဟူသော ရည်ရွယ်ချက်ဖြင့် တန်ဆောင်မုန်းလပြည့်နေ့တွင် မဲဇလီဖူးသုပ်စားသည့်ဓလေ့ကို ဝေါဟာရလီနတ္ထဒီပနီတွင် ဖွင့်ဆိုထားပြီး မဲဇလီသည် အခြားအပင်များထက် အစွမ်းထက်ကြောင်း၊ မဲဇလီဖူးကို သုပ်စားခြင်းဖြင့် ရောဂါဘယတို့ကို ပပျောက်စေနိုင်ကြောင်း သရကောမုဒိကျမ်းတွင် ပြဆိုထားပါသည်။

ကြာသင်္ကန်းကပ်လှူပွဲသည် သုဒ္ဓါဝါသဗြဟ္မာကြီးများက မိမိတို့သိမ်းဆည်းထားသည့် ကမ္ဘာဦး ကြာပွင့်သင်္ကန်းပရိက္ခရာများကို တောထွက်လာသည့် ဘုရားလောင်းများအား ဆက်ကပ်လှူဒါန်းကြသည်ကို နည်းယူ၍ မြန်မာဗုဒ္ဓဘာသာဝင်တို့က ကြာသင်္ကန်းကပ်လှူခြင်းဖြစ်ပေသည်။

မသိုးသင်္ကန်းရက်ပွဲများကိုလည်း ဤလတွင် ကျင်းပလေ့ရှိပြီး မသိုးသင်္ကန်းဟူသည် နေ့ရက် မကူးစေဘဲ တစ်ရက်အတွင်း ပြီးအောင်ရက်လုပ်ရသော သင်္ကန်းဟုဆိုသည်။ ကထိန်ကာလ၏ နောက်ဆုံးရက်ဖြစ်သော တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ညနေပိုင်းအတွင်းသာ မသိုးသင်္ကန်းကို ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်ကာ ဆက်ကပ်လှူဒါန်းလေ့ ရှိကြရာ နှစ်စဉ် တန်ခိုးကြီးဘုရားစေတီရင်ပြင်တော်များတွင် မသိုးသင်္ကန်းရက်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် လောကဓမ္မ၌ အထူးခြားဆုံးဖြစ်၍ သာယာလှပသော တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် ကထိန်သင်္ကန်းကပ်လှူပူဇော်ခြင်း၊ လပြည့်နေ့ အရုဏ်မတက်မီ မသိုးသင်္ကန်းရက်လုပ်ကပ်လှူခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများခြင်း၊ သက်ကြီးဝါကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ခြင်း စသည့်ကောင်းမှုကုသိုလ်များ ပွားများအားထုတ်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့သည်။ ။

## တန်ဆောင်အလှ

* ဗြိစ္ဆာရာသီ၊ လှပန်းချီ
  ခြယ်စီဖော်လုစ်၊ ရွှန်းမြသစ်
  ချစ်ပါလေလေ့ လဘုရင်။
* နက္ခတ်တာရာ၊ လစန္ဒာ
  ထိန်ဝါဖြန့်လင်း၊ ရွှေအဆင်း
  ဝင်းပါလေလေ့ ပြိုးပြက်ထင်။
* လတန်ဆောင်မှာ၊ ဖူးပွင့်ဖြာ
  မာလာခဝဲ၊ ရနံ့ကဲ
  စွဲပါလေလေ့ ပန်းသခင်။
* ဆေးဖက်ဂုဏ်ရည်၊ မဲဇလီ
  နှမ်းဆီသုပ်ဆမ်း၊ ပေးဝေကမ်း
  စွမ်းပါလေလေ့ ရောဂါစင်။
* ဝန်းကျင်သာယာ၊ ဝေဝေဆာ
  ထည်ဝါခြိမ့်သဲ၊ ကထိန်ပွဲ
  နွှဲပါလေလေ့ ပြည်တစ်ခွင်။
* ဒိုးပတ်အိုးစည်၊ ချိုမြကြည်
  ကိုယ်စီအပြုံး၊ ဖြူနုလုံး
  ဖုံးပါလေလေ့ လူတိုင်းရင်။
* တန်ဆောင်တိုင်ခေါ်၊ ပွဲအကျော်
  တူပျော်ရွှင်မြူး၊ လွန်ကြည်နူး
  ထူးပါလေလေ့ နှိုင်းမမြင်။
* မိုးတိမ်လွင့်စဉ်၊ မြောက်လေနှင်
  မြေပြင်တစ်လွှား၊ ဆီးနှင်းမြင်
  ရွှေစင်စပါး သီးကင်းဝင်။ ။

**ကန့်ဘလူခင်မောင်ဆွေ**

## ကုန်သည်/စက်မှုအသင်းချုပ် စုပေါင်းအလှူပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ အောက်တိုဘာ ၃၁ ရက်(တနင်္လာနေ့) နံနက် ၉ နာရီက အသင်းချုပ်နှင့် ညီနောင်အသင်းဝင်များ၏ (၁၃)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်ပွဲကျင်းပရာ မြသန္တာကောင်းဆုဝေ ဗုဒ္ဓသာသနာပြုရိပ်သာ ပဓာနနာယကဆရာတော် ဦးကဝိဇေဇောတိ (ကောင်းဆုဝေဆရာတော်)ထံမှ ငါးပါးသီလခံယူတော်မူပြီး အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြောင်းသိရသည်။ (၆၀၈)

## ကျောက်ပန်းတောင်းမြို့ သာသနပါလ နေ့စဉ် အရုဏ်ဆွမ်းလောင်းအသင်း ငွေရတုအခမ်းအနား ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၉**

ကျောက်ပန်းတောင်းမြို့ သာသနပါလနေ့စဉ် အရုဏ်ဆွမ်းလောင်းအသင်းကြီး၏ (၂၅)နှစ်ပြည့် ငွေရတုအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂၆ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား၌ မြန်မာခြင်းလုံးအလှခတ်အဖွဲ့များ၊ မင်္ဂလာဆိုင်းအဖွဲ့များ၊ ပျော်ပွဲရွှင်ပွဲများ၊ သံဃာအပါး ၁၀၀၀ ကျော်တို့အား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခြင်းနှင့် ဆရာတော်ကြီးများက တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများ ဆက်သွယ်လှူဒါန်းလိုပါက ဦးကျော်ဝင်းထွန်း ဖုန်း-၀၉-၂၂၀၁၆၅၊ ၀၆၁-၅၀၃၅၉နှင့် ငွေရတုအခမ်းအနားကျင်းပရေး ကော်မတီထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

## တာမွေမြို့နယ် ကျောက်မြောင်း တန်ဆောင်တိုင်မီးထွန်းပွဲနှင့် နိဗ္ဗာန်ဈေးအလှူတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

တာမွေမြို့နယ် ကျောက်မြောင်းအထက်ရပ်ကွက်နှင့် ကျောင်းမြောင်းကြီးရပ်ကွက်တို့တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် နိဗ္ဗာန်ဈေးအလှူတော်ကို ကျင်းပမည်ဖြစ်သည်။

ကျောက်မြောင်းအထက်ရပ်ကွက် ဩဘာလမ်း(အထက်)တွင် နိဗ္ဗာန်ဈေးအလှူတော်ကို နိုဝင်ဘာ ၁၁ရက်(တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) သောကြာနေ့ ညနေ ၄ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ထမင်း၊ အခြားစားသောက်ဖွယ်ရာများ ဧည့်ခံကျွေးမွေး မည်ဖြစ်ပြီး မည်သူမဆို လာရောက်သုံးဆောင်နိုင်ကြောင်း အချို့အလှူရှင်များကလည်း အဝတ်အထည်၊ စားစရာနှင့် အသုံးအဆောင် ပစ္စည်းများ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## ရန်ကုန်တောင်ပိုင်းခရိုင်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်ဆွေးနွေး အမှာစကားပြောကြားသည်။ **(ယာပုံ)** အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း အစုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီခွဲတွင် သန်လျင်မြို့နယ် မြို့ဟောင်း အလယ်ရပ်ကွက်နှင့် မြို့ဟောင်းအရှေ့ ရပ်ကွက်တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ လည်းကောင်း အသေးစားပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့တွင် ပါဝင်၍ ငွေချေးပြီး လုပ်ငန်းဆောင်ရွက်နေသူများနှင့် တွေ့ဆုံ၍ ချေးငွေရရှိမှု၊ လုပ်ငန်းဆောင်ရွက်မှု၊ အတိုးငွေပေးသွင်းမှုများ အခြေအနေများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## သဘာဝအင်းအိုင်ငါးများ ဈေးကွက်ဝင်လာခြင်းကြောင့် ငါးဈေးနှုန်းများ ကျရိပ်ပြလာ

**ရန်ကုန် နိုဝင်ဘာ ၉**

ယခုအခါတွင် သဘာဝအင်းအိုင်များမှ ထွက်သည့် ငါးများ ဈေးကွက်အတွင်းသို့ ရောက်ရှိလာကြခြင်းကြောင့် ငါးဈေးနှုန်းများလည်း ကျဆင်းလာကြောင်း သိရသည်။

"အခုကာလက ငါးအများဆုံးဝင်ရောက်တဲ့ ကာလပါပဲ။ တစ်ရက်တည်းကို ပိဿာချိန် ၄၀၀၊ ၅၀၀ လောက်အထိ အသာလေးထွက်ပါတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၈ ရက်တွင် ပြောသည်။ ထိုသို့ ရရှိလာသော သဘာဝငါးများတွင် ငါးကျည်း၊ ငါးဖယ်၊ ငါးခူတို့ ဈေးကွက်အတွင်း ဝင်ရောက်လာခြင်းသာမကဘဲ ငါးကျည်းခြောက်၊ ငါးဆားနယ်၊ ငါးပိကောင်များအဖြစ်လည်း ဝင်ရောက်လာကြခြင်းဖြစ်သည်။

ယခုနှစ်ရာသီတွင် ဝင်ရောက်သော ငါးများမှာ ယခင်ကထက် များပြားမှုရှိသလို အကောင်အရွယ်အစားအားဖြင့်လည်း ကြီးမားမှုရှိကြောင်း၊ ယင်းကဲ့သို့ ဖြစ်ခြင်းမှာ ယခုနှစ်တွင် ဒေသအချို့၌ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံဖြစ်ခြင်း၊ မိုးဝင်ရောက်မှု အနည်းငယ်စောခဲ့ခြင်းတို့ကြောင့် သဘာဝအင်းအိုင်များနှင့် ကွင်းများ၌ ဝင်ရောက်ပေါက်ဖွားသော ငါးများအတွက် ပေါက်ဖွားကြီးပြင်းမှု ကောင်းမွန်ခြင်းတို့ ဖြစ်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် ငါးကျည်း၊ ငါးဖယ်၊ ငါးခူ၊ ငါးကျည်းခြောက်၊ ငါးဆားနယ်၊ ငါးခြောက်၊ ငါးပိတို့ကို ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်မည့် အခြေအနေကောင်းများ ဖြစ်ရကြောင်း သိရသည်။

(၆၈၀)

## မန္တလေး၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်နှင့် ကချင်၊ ကယား၊ ချင်း၊ ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

**ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပထမနေ့)ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဦးစီးကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ် (၆၉)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း(၁၁)ခုကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းရာ သက်ဆိုင်ရာဝန်ကြီးများက ဖြေကြားခြင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရသုံးမှန်းခြေငွေစာရင်းလျာထားချက်ကို အတည်ပြုချက်ရယူရန် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးက တင်ပြဆွေးနွေးပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းနှင့် အဆို(၂)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေး(ဒုတိယနေ့)ကို နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၂၀) မေးမြန်းဖြေကြားခြင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်း မူလလျာထားချက်၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ဖြည့်စွက်ရန်ပုံငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် အရ/အသုံး မှန်းခြေငွေစာရင်းတို့နှင့် စပ်လျဉ်း၍ အတည်ပြုခြင်း၊ ယမန်နေ့က တင်သွင်းသည့် အဆို(၃)ခုအား အတည်ပြုခြင်းနှင့် အဆိုအသစ်(၄)ခု တင်သွင်းခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ကယားပြည်နယ် လွှတ်တော် အစည်းအဝေး(ဒုတိယနေ့)ကို နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၉)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၉)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုအသစ်(၂)ခု တင်သွင်းခြင်းနှင့် ကယားပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့် စပ်လျဉ်း၍ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး (တတိယနေ့)ကို တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ် (၂၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်း၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့် စပ်လျဉ်း၍ အတည်ပြုခြင်း၊ ပဉ္စမကာလတို (၅)နှစ်စီမံကိန်း၊ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များအဆိုနှင့် စပ်လျဉ်း၍ အတည်ပြုခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ တာဝန်လုပ်ပိုင်ခွင့်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်းနှင့် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ ချင်းပြည်နယ် လွှတ်တော် အစည်းအဝေး(ဒုတိယနေ့)ကို နံနက် ၁၀ နာရီတွင် ချင်းပြည်နယ် လွှတ်တော်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်(၂၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၁၀)ခုကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး (စတုတ္ထနေ့) ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် လွှတ်တော်ကိုယ်စားလှယ်(၇၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နွဲ့အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပျက်ပြယ်ကြောင်း ကြေညာချက်အား မှတ်တမ်းတင်ခြင်း၊ ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် မှတ်တမ်းတင်ပြီး လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မေးခွန်း(၂၉)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုပြုချက်(၂)ခု မှတ်တမ်းတင်ခြင်းနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပဉ္စမကာလတို (၅)နှစ်စီမံကိန်း လျာထားချက်(မူကြမ်း) ရေးဆွဲထားရှိမှုအား လွှတ်တော်သို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေး(စတုတ္ထနေ့)ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၄၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၂၀) မေးမြန်းဖြေကြားခြင်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေတောင်းခံခြင်းတင်ပြချက်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်လျာထားချက် အရ/အသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းများကို မှတ်တမ်းတင် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး(ပဉ္စမနေ့)ကို နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၀)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၁၇)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို(၄)ခု တင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် "မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု"နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ကြောင်း၊ "မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အပါအဝင် မြို့နယ်အချို့၌ ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော ရေကြီးမှုတွင် ရေဘေးသင့်ပြည်သူများအတွက် ဝမ်းနည်းကြောင်း" အဆိုနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပခုက္ကူခရိုင် ရေဘေးကယ်ဆယ်ရေး ကြီးကြပ်မှုကော်မတီသို့ အလှူငွေများပေးအပ်ခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ခြင်း ဆောင်ရွက်ခဲ့ကြောင်းနှင့် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး (ပဉ္စမနေ့) ကျင်းပစဉ်။** (သတင်းစဉ်)



**ကယားပြည်နယ် လွှတ်တော် အစည်းအဝေး (ဒုတိယနေ့) ကျင်းပစဉ်။** (သတင်းစဉ်)



**တနင်္သာရီ တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး (တတိယနေ့)ကျင်းပစဉ်။** (သတင်းစဉ်)

# မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများပြုပြင်နေမှု ဆောက်လုပ်ရေးဒုတိယဝန်ကြီး စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့ရှိ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော ရွှေချောင်းတံတားသို့ ရောက်ရှိပြီး ရွှေချောင်းတံတားပေါ်၌ ဘေလီသံပေါင် တပ်ဆင်ပြီးစီးမှုနှင့် သစ်သားကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား နိုဝင်ဘာ ၁၀ ရက်တွင် လမ်းကြောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့မှတစ်ဆင့် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ် (၃၈၀/၀)အနီးရှိ ရေပြာတံတားမှ နစ်မြုပ်နေသော ဘေလီသံပေါင်များ ပြန်လည်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၃၈၂/၃)နှင့် (၃၈၂/၄) ကြားရှိ ဝွေးချောင်းတံတား ချဉ်းကပ်လမ်း ရေတိုက်စားမှု၊ တံတားနိမ့်ကျနေမှုနှင့် လမ်းလွှဲတည်ဆောက်ထားရှိမှု၊ မိုင်တိုင်အမှတ်(၃၉၂/၇)နှင့် (၃၉၃/၀)ကြားရှိ ရေတိုက်စား၍ ပျက်စီးသွားသော တံတားအမှတ် (၂/၃၉၃) နေအေးတံတား ချဉ်းကပ်လမ်း ပြန်လည်ပြုပြင် တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၄၂၀/၀) အနီးတွင် လမ်းရေတိုက်စားမှု၊ လမ်းသားပြတ်ကျနေမှုကို လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် ယာယီလမ်းလွှဲ တည်ဆောက်ထားရှိမှု၊ မိုင်တိုင်အမှတ် (၄၂၀/၂)နှင့် (၄၂၀/၃)ကြားရှိ တံတားအမှတ်(၁/၄၂၂) ချဉ်းကပ်လမ်း ရေတိုက်စား၍ ပြတ်ကျနေမှုကို ယာယီလမ်းလွှဲ တည်ဆောက်ပြီးစီးနေမှုနှင့် မိုင်တိုင်အမှတ်(၄၂၄/၅)နှင့် (၄၂၄/၆) ကြားရှိ ဝက်ခုတ်တံတား ရေတိုက်စား၍ တံတားပျက်စီးမှုနှင့် တံတားသံပေါင်များ ဆယ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းများကို အမြန်ပြုပြင်၍ သွားလာမှုအဆင်ပြေစေရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြိုင်-လင်းကတောလမ်း မိုင်တိုင်အမှတ် (၃၃/၂)နှင့် (၃၃/၃)ကြား၌ မိုးသည်းထန်စွာရွာသွန်း၍ ပျက်စီးခဲ့သော လင်းကတောရေကျော်တွင် ယာယီလမ်းတည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)



ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ပခုက္ကူမြို့ ရွှေချောင်းတံတား ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



**❍ ကျောဖုံးမှ**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နေ ဦးအေးကျော် - ဒေါ်မြင့်မြင့်သန်း မိသားစုက ခန့်မှန်း ငွေကျပ် ၂၉၅၂၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း တို့ကို လာရောက်လှူဒါန်းကြရာ ဘဏ္ဍာရေး ဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

နိုဝင်ဘာ ၈ ရက် ညနေပိုင်းမှ ယနေ့ ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှု အစုစုမှာ အလှူတော်ငွေ ၁၈၄၀၆၅၁၁ ကျပ်၊ အမေရိကန်ဒေါ်လာ ၃၉ ဒေါ်လာ၊ထိုင်းဘတ် ၅၀၀၊ ပီဆို ၅၀၀၊ အင်ဒိုနီးရှား ရူပီးယား ၁၀၀၀၀၀ နှင့် ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၄၇ခု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၃၄၅၀၀ တို့ ဖြစ်သည်။ (သတင်းစဉ်)

**တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော် တပ်ကုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးမျိုးမြင့်အောင်၊ ဇနီး ဒေါ်ခိုင်စုယဉ်နှင့် သား-မောင်ရဲရင့်အောင် မိသားစုက ရွှေလက်စွပ်နှစ်ကွင်း ပေးအပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

# (၁၉၈၃-၈၆)ခုနှစ် B.V.S မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၉**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၁၉၈၃-၈၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ဝင်းနိုင်ကိုကို ဖုန်း-၀၉-၂၀၀၀၃၄၅၊ ကံထွန်းဝင်း ဖုန်း-၀၉-၅၀၁၉၄၃၄၊ ကြည်လွင်ဦး ဖုန်း-၀၉-၅၁၆၄၈၆၃၊ ချိုလွင် ဖုန်း-၀၁-၅၁၇၄၅၄၊ စည်သူဝင်း ဖုန်း-၀၉-၅၀၁၂၃၁၁၊ စိုးထိုက်အောင် ဖုန်း-၀၉-၅၀၀၉၉၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**



# ကာကွယ်ဆေးထိုး ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ် (ဂ)ရပ်ကွက် မြို့နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်အေးအေးတင်နှင့် ရပ်ကွက်လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဝင်း ဦးဆောင်၍ နိုဝင်ဘာ ၆ ရက်က တစ်လခွဲမှ နှစ်နှစ်အထိကလေးငယ် ၄၇ ဦးနှင့် သုံးလအထက် ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦးတို့အား အဆုတ်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ပိုလီယိုအကြောသေ၊ ဝက်သက်ရောဂါ ကာကွယ်ဆေး ခြောက်မျိုး ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးထိုးနှံခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

# အားလုံးက ဟော့မှုကြိုက်တယ် ဆက်လက်ပြသ



**ရန်ကုန် နိုဝင်ဘာ ၉**

နိုင်ငံခြား ဇာတ်ကားကောင်း မျှော်လင့်နေကြသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် လာမည့်သောကြာနေ့ တွင် THE THREE MUSKETEERS 2011 (3-D) ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ ၁၃ ဆက်မြောက် လူဝီဘုရင်လက်ထက် သူရဲကောင်း သုံးဦးဖြစ်သည့် အားသိုး၊ ပေါ်သိုး နှင့် အရမစ္စတို့သုံးဦး အားသိုးချစ်သူ မိုင်လေဒီအကူအညီဖြင့် အီတလီနိုင်ငံ ဗင်းနစ်မြို့မှ လီယိုနာဒို ဒါဗင်ချီ၏ လေသင်္ဘောပုံစံကို ခိုးယူခဲ့ကြပြီး မိုင်လေဒီက သစ္စာဖောက်ကာ ယင်းဒီဇိုင်းအား အင်္ဂလန်နိုင်ငံ ဘက်ကင်ဟမ်မြို့စားသို့ ပေးအပ်ရာမှ အင်္ဂလိပ်နှင့် ပြင်သစ်တို့ စစ်ပွဲစတင်ရန် ပြင်ဆင်ကြပုံတို့ကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် ဇာတ်ကားသစ်ဖြစ်ပြီး နေပြည်တော်ရုံတွင် ပြသမည်ဖြစ်သည်။ ရွှေ့ဆောင်ရုံတွင်မူ ပြသဆဲ စက်ရုပ်လက်ဝှေ့ဇာတ်ကား REAL.STEEL ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

မြို့လယ်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်း၊ Top Royal ရုံများတွင်မူ ပြသဆဲ မြန်မာဇာတ်ကားသစ်ဖြစ်သည့် **အားလုံးက ဟော့မှုကြိုက်တယ်**ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ပြေတီဦး၊ စိုးမြတ်သူဇာနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ကြသည်။



**အားလုံးက ဟော့မှုကြိုက်တယ်ဇာတ်ကားမှ ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်။**

# မြန်မာနှင့် တရုတ်နိုင်ငံတို့ကြား ပြတိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ချစ်ကြည်ရေးအထိမ်းအမှတ် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ပြတိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ သံတမန်ဆက်ဆံရေး နှစ် ၆၀ ကျော် တည်ရှိလာခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် မြန်မာနိုင်ငံအမျိုးသားပြတိုက်(ရန်ကုန်)၊ အမျိုးသားပြတိုက်(နေပြည်တော်)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ လူမျိုးစုအမျိုးသားပြတိုက်တို့အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု သိရသည်။

ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)၊ အမျိုးသားပြတိုက်(နေပြည်တော်)နှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိ ကမ္ဘာအေးဗုဒ္ဓယဉ်ကျေးမှုပြတိုက်များရှိ ခေတ်အဆက်ဆက် ဗုဒ္ဓရုပ်ပွားတော်အဆူ ၅၀ အပါအဝင် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာပစ္စည်းအရေအတွက် စုစုပေါင်း ၉၀ ကျော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ရှိ ကွမ်ရှီးလူမျိုးစုအမျိုးသားပြတိုက်တွင် အောက်တိုဘာ ၁၈ ရက်က ပထမဆုံးအကြိမ်အဖြစ် ပြည်ပနိုင်ငံတွင် သွားရောက်ခင်းကျင်းပြသခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသို့ မြန်မာ့ဗုဒ္ဓယဉ်ကျေးမှုပြပွဲ ပထမဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသခဲ့ရာတွင် ပြကွက်ခုနစ်ခု ခွဲခြားကာ မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာဝင်ရောက်လာပုံ၊ မြန်မာနိုင်ငံရှိ ရှေးဟောင်းဘုရားပုထိုး၊ စေတီ၊ ဘုန်းကြီးကျောင်းစသည့် သာသနိကအဆောက်အအုံများပြကွက်၊ ခေတ်အဆက်ဆက် ဗုဒ္ဓရုပ်ပွားတော်များပြကွက်၊ မြန်မာ့ဘုရားစင်ပြကွက်၊ ဗုဒ္ဓဘာသာနှင့်ဆက်နွှယ်သော မြန်မာ့ရိုးရာဘာသာရေးပွဲတော်များပြကွက်၊ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများပြကွက်နှင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ချက်များ ပြကွက်များဖြင့် ပြသခဲ့သည်။ ပြသခဲ့သည့် ပစ္စည်းများသည် တန်ဖိုးကြီးမားသော ရှားပါးလက်ရာများဖြစ်သည့်အပြင် ခေတ်အဆက်ဆက် သမိုင်းကြောင်းအထောက်အထားခိုင်မာသည့် ပစ္စည်းများစွာပါဝင်ကြောင်း သိရသည်။ ဆက်လက်၍ မြန်မာ-တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ ပြတိုက်လုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၀၀၁)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၁-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်+မောရသုတ်+ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၁)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၆)**
၈း၄၅ Road To ဆေးပေါင်းခတ့် Rock Concert
၈း၅၅ ဒါနကုသိုလ်ထုံသင်းပျံ့ချိ. . . မြို့ရွှေဘို၏ဘုံမဟာကထိန်ဆီ
၉း၂၅ Intellectual Talk
၁၀း၁၅ သာသနာ့ဇောတိပါလပရိယတ္တိစာသင်တိုက်၏ (၂၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်
၁၀း၄၀ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
၁၀း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၂၅ The Champion of Dance
၁၂း၁၀ ဖန်တီးသူ၏ ပညာစွမ်းမှသည်. . . လှပသောဘဝများဆီသို့
၁၂း၃၅ ကုသိုလ်ပန်းများ ပန်ဆင်၍ လတန်ဆောင်တိုင်ပွဲ
၁း၀၀ "တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol
၃း၀၀ ဆန်းသစ်တဲ့အမြင်ကိုပေးမယ့် Lolane & Rico Rina ကြော်ငြာ
၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၁)**
၄း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၆)**
၅း၁၀ Road To ဆေးပေါင်းခတ့် Rock Concert
၅း၂၅ ဆိုင်ကယ်ချစ်သူများအတွက် YAMAHA
၅း၄၀ ပန်းမြို့တော်မှ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၂)**
၇း၁၅ ဆေးပေါင်းခတ့် Rock Concert (LIVE)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဆေးပေါင်းခတ့် Rock Concert (LIVE)
၁၀း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၇)**
၁၁း၃၀ Style ရှိမှ Star ဖြစ်မယ်
၁၂း၂၀ စကားနပန်း Selection
၁း၁၀ အနုပညာမိုးကောင်းကင်
၁း၃၀ အားကစားမြင်ကွင်းစုံ
၁း၅၅ (England U-21 Vs Iceland U-21)
၃း၅၅ စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ
၄း၂၀ နွေးထွေးသော မေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၄း၄၀ ရှင်တော်မဟာမုနိ. . . ဘဂဝါပူဇေမိ
၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

❑ ဘရူနိုင်းမှ

ကစားပုံအချိတ်အဆက်လွဲနေ၍ ဘရူနိုင်းအသင်း ဂိုးပေါက်ကို ထင်သလောက် မခြိမ်းခြောက်နိုင်ဘဲ ၃၂ မိနစ်မှ ဂိုးထပ်ရခဲ့သည်။ ထောင့်ကန်ဘောမှတစ်ဆင့် မင်းမင်းသူက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ကြည်လင်း၊ အေးဆန်း၊ မိုင်းအိုက်နိုင်တို့ကို ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ၆၅ မိနစ်တွင် အောင်မြင့်အေး၏ ဖန်တီးပေးမှုမှတစ်ဆင့် ကျော်ကိုကိုက တတိယဂိုး၊ ၈၁ မိနစ်တွင် ကျော်ကိုကို၏ပေးပို့မှုမှ တစ်ဆင့် ကြည်လင်းက စတုတ္ထဂိုးတို့ကို သွင်းယူခဲ့သည်။

မြန်မာအသင်းသည် စတုတ္ထပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အုပ်စု (က) အခြားပွဲစဉ်တစ်ခုတွင် လက်ရှိချန်ပီယံ မလေးရှားအသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



မြဝတီမြို့နယ် အမှတ်(၁)ရပ်ကွက် ဝေနေယျသုခမ္မောရုံ၌ သီတင်းသုံးစံပယ်တော်မူနေသော ရှင်ဉပဂုတ္တ မထေရ်မြတ်ကြီးအား (၁၅)ကြိမ်မြောက် ရေချပူဇော်ပွဲနှင့် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာကို နိုဝင်ဘာ၈ ရက် ညနေ ၅ နာရီတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ ဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ စုပေါင်း၍ ရှင်ဉပဂုတ္တမထေရ်မြတ်ကြီးနှင့် ရဟန်းလောင်းများ၊ ရှင်လောင်းများ မြို့တွင်းသို့ လှည့်လည် အပူဇော်ခံစဉ်။

(၅၇၀)

ဗိုလ်ချုပ်အောင်ဆန်းဈေး ဈေးသူဈေးသားများ၏ (၆၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၇ ရက်တွင် ဈေးသာယာရေးအဖွဲ့ ဉက္ကဋ္ဌ ဦးထွန်းဦး ဦးဆောင်၍ ဗဟန်း(၃)လမ်းဓမ္မာရုံ၌ ပင့်သံဃာ ၂၅ ပါးအား ဆွမ်းကပ်ကြကာ တောင်ဉက္ကလာပ(၅) ရက်ကွက်ရှိ ဓမ္မသိပ္ပံ ပရိယတ္တိစာသင်တိုက်ကြီးသို့ ငွေကျပ် ၂၉၅ သိန်းကို စုပေါင်းလှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်။

(ကြေးမုံ)





ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမဆုရ မင်္ဂလာဒုံမြို့နယ်အသင်းအား နိုဝင်ဘာ ၆ ရက်က ဦးနေလင်း (မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး)၊ ဦးငြိမ်းထွေး (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ ဦးမြင့်သန်း (မြဘုရင်နို့ဆီ)တို့က ငွေသားဆု ကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်စဉ်။

(ကြေးမုံ)



## မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၉**

၂၀၁၁ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ကာယဗလမောင်ပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မြတ်ငွေနှင့် နာယကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ကာယဗလမောင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၃၅ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ကာယအလှမယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အစီအစဉ်အရ ကာယဗလမောင်ပြိုင်ပွဲများအား ၅၅ ကီလိုတန်းမှ ၈၅ ကီလိုတန်းအထိ ယှဉ်ပြိုင်ကြပြီးနောက် ကီလိုတန်းစုံပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆု ဦးပြား (မဟာအောင်မြေမြို့နယ်)၊ ဒုတိယဆု မင်းသိခ်အောင် (အောင်မြေသာစံမြို့နယ်)၊ တတိယဆု ထွန်းထွန်းဝင်း (ချမ်းအေးသာစံမြို့နယ်)တို့က ရရှိကြသည်။

ကာယအလှမယ်ပြိုင်ပွဲတွင် အဆင့်ဆင့်ရွေးချယ်ပြီး ဆန်ခါတင် ၁၀ ဦးကို ဦးစွာရွေးထုတ်သည်။ ထိုဆန်ခါတင် ၁၀ ဦးမှာ စိတ်ကြိုက်ကိုယ်ဟန် ငါးမျိုးဖြင့် ယှဉ်ပြိုင်ကြရပြီးနောက် ပထမဆု (ကာယအလှမယ်ဆု)ခါးနံ့ပါတ် ၂၀ မမိုးပွင့်ဖြူ (ရမည်းသင်းမြို့နယ်)၊ ဒုတိယဆု ခါးနံ့ပါတ် ၁၀ မယမုံဖူး (ချမ်းမြသာစည်မြို့နယ်)၊ တတိယဆု ခါးနံ့ပါတ် ၅ မဆုမွန်သွယ်(ချမ်းမြသာစည်မြို့နယ်)တို့က ရရှိကြသည်။**(ဝဲပုံ)**

အခမ်းအနားတွင် လက်ရွေးစင်အားကစားသမားများက ကိုယ်ဟန်သရုပ်ပြခြင်း၊ အလေးမ သရုပ်ပြခြင်း၊ ဝူရှူးအားကစားအဖွဲ့မှ ဝူရှူးအားကစားနည်းသရုပ်ပြခြင်းနှင့် တေးသံသာတို့ဖြင့် ဖျော်ဖြေတင်ဆက်သွားသည်။

(၀၀၂)

## တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်ဂေါက်အသင်း (တည်းကုန်း)၌ ဦးသက်နိုင်သည် အောက်တိုဘာ ၂၉ ရက်တွင် ကစားဖော်များဖြစ်ကြသော ဦးဝင်းသူ၊ ဦးသန့်ဇင်၊ ဦးအောင်ဟိန်း၊ ဦးတင်ဝင်းလှိုင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၁) သို့ ကိုက် ၁၄၀ အကွာမှ Callaway No.(3) ဘောလုံးအား Ping Iron (9)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

အလားတူ ရန်ကုန်ဂေါက်အသင်း (တည်းကုန်း)၌ ဦးဇော်ဇော်လတ် (Pro) သည် နိုဝင်ဘာ ၁ ရက်တွင် ကစားဖော်များဖြစ်ကြသည့် မောင်စစ်လွင်၊ မောင်စစ်ပိုင်နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၄)သို့ ၁၆၅ ကိုက်အကွာမှ SRIXON Z-STARX No(3)ဘောလုံးအား SRIXON ZTX Iron (7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

## လက်ထောက်စစ်ရေးနည်းပြအဖြစ် ရွေးချယ်ခံရသည့် ကိုရီးယားစတား ရိန်း

တောင်ကိုရီးယားနိုင်ငံ၏ ကျန်းမာသန်စွမ်းပြီး အသက် (၂၀) ကျော်သည့် အမျိုးသားတိုင်း စစ်မှုမထမ်းမနေရဉပဒေကြောင့် စစ်မှုတာဝန်များ ထမ်းဆောင်နေရသည့် နာမည်ကျော် ကိုရီးယားသရုပ်ဆောင်နှင့် အဆိုတော် ရိန်းသည် စစ်ဘက်ဆိုင်ရာလေ့ကျင့်ရေးစခန်းတစ်ခုတွင် လက်ထောက်စစ်ရေးနည်းပြအဖြစ် ရွေးချယ်ခံရကြောင်း အမျိုးသားလွှတ်တော်ကာကွယ်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ကာကွယ်ရေးကော်မတီမှ အရာရှိတစ်ဦးက ရိန်းအနေဖြင့် ယခုကဲ့သို့ ခန့်အပ်ခံရခြင်းမှာ ငါးပတ်ကြာစစ်ရေးလေ့ကျင့်မှုတွင် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အင်္ဂါနေ့တွင် ရှင်းလင်းပြောကြားသည်။

၎င်းက ဆက်လက်၍ ရိန်းသည် အခြားရဲဘော်ရဲဘက်များကြားတွင်လည်း အတော်ဆုံး စံပြရဲဘော်တစ်ဦး ဖြစ်သကဲ့သို့ အခြေခံစစ်ရေးလေ့ကျင့်မှုများတွင်လည်း အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ အောက်တိုဘာလလယ်က ပြုလုပ်ခဲ့သော သေနတ်ပစ်လေ့ကျင့်မှု၌ နေ့ဘက်လေ့ကျင့်မှုနှင့် ညဘက်လေ့ကျင့်မှု နှစ်ခုစလုံးတွင် ပစ်မှတ်များကို ထိမှန်အောင်ပစ်ခတ်နိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

ရိန်းသည် အောက်တိုဘာ ၁၀ ရက်မှစ၍ စစ်မှုတာဝန်များ ထမ်းဆောင်လျက်ရှိပြီး အခြေခံစစ်ရေးလေ့ကျင့်မှုမှာ လာမည့်တနင်္လာနေ့တွင် ပြီးဆုံးမည်ဟု သိရသည်။ ရိန်း၏ စစ်မှုထမ်းတာဝန်မှာ ၂၀၁၃ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်ရာ ရိန်း၏ အသည်းစွဲပရိသတ်များအနေဖြင့် ၎င်း၏ သရုပ်ဆောင်ဟန်၊ အဆို၊ အက အနုပညာ ဖန်တီးမှုအသစ်များကို ရိန်း၏ စစ်မှုထမ်းတာဝန်ပြီးဆုံးမှသာ တီဗွီဖန်သားပြင်ပေါ်တွင် စောင့်မျှော်ရှုစားကြရမည်ဖြစ်သည်။



***အင်တာနက်။***

**အောဝမ်းစိုး**

## ဝမ်းတွင်းမြို့တွင် ဓာတ်လိုက်သေဆုံးမှုဖြစ်ပွား

**မိတ္ထီလာ နိုဝင်ဘာ ၉**

ဝမ်းတွင်းမြို့ သဲတောအမှတ်(၁)ရပ်ကွက်၌ အောက်တိုဘာ ၂၆ ရက်က သဲတော (၁)ရပ်ကွက်နေ ဖိုးထောင် ပဲကြော်ပဲလှော်ဖိုမှ အလုပ်သမား နေလင်းထက်(ခ) အငယ်လေး (၁၇)နှစ် နန်းအောင်မြေရပ်ကွက် နေသူသည် ရေတင်မော်တာအနီး ချော်လဲပြီး ရေတင်မော်တာပေါ်သို့ လဲကျရာမှ ဓာတ်လိုက်သေဆုံးသွားခဲ့သည်။ နေလင်းထက် သေဆုံးမှုကို ရဲစခန်းတာဝန်မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က သွားရောက်စစ်ဆေးပြီး ရဲစခန်းက သေမှုသေခင်း ၈/၂၀၁၁ ဖွင့်လှစ်ထားသည်။

(၁၁၁)

## နောက်ခံလူ ဒန်နီဆင်ပဆွန်နှင့် စာချုပ်သက်တမ်းတိုးရန် နယူးကာဆယ်အသင်းငြင်းပယ်

**နယူးကာဆယ် နိုဝင်ဘာ ၉**

နယူးကာဆယ်အသင်းသည် အသင်း၏နောက်ခံလူ ဒန်နီဆင်ပဆွန်၏ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုကို ငြင်းဆိုလိုက်ကြောင်း သိရသည်။

အသင်းနှင့် စာချုပ်သက်တမ်း ၁၈ လ ကျန်ရှိနေသေးသော ဆင်ပဆွန်သည် ယခုနှစ်ဘောလုံးရာသီအတွင်း ခြေစွမ်းပြနိုင်ခဲ့သဖြင့် အခြားအသင်းများကလည်း ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။ ၎င်းသည် လာမည့်အပြောင်းအရွှေ့ဈေးကွက်တွင် အသင်းနှင့် ငါးနှစ်စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း၊ ၎င်း၏ ယခုလက်ရှိလစာမှာ အသင်းရှိ အခြားအသင်းဖော်များနှင့် စာလျှင် နည်းပါးကြောင်း၊ ထို့ကြောင့် ၎င်းအနေဖြင့် အသင်းဖော်များနှင့်



တန်းတူလစာဖြင့် စာချုပ်သစ်ချုပ်ဆိုလိုကြောင်း ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် နယူးကာဆယ်အသင်းရှိ တာဝန်ရှိသူများက ဆွေးနွေးရန်ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည်။

ထို့ကြောင့် အသက်(၂၄)နှစ်ရှိ ဆင်ပဆွန်သည် လာမည့်အပြောင်းအရွှေ့ဈေးကွက်တွင် မည်သည့်အသင်းသို့ ပြောင်းရွှေ့မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

***အင်တာနက်။***

**ဟိန်းထက်လင်း**

## ဘောလုံးလောက သတင်းအတိုအထွာများ

- မန်စီးတီးနောက်ခံလူ ကိုလိုတိုရေးမှာ တားမြစ်ဆေးသုံးစွဲမှုကြောင့် ပွဲထွက်ကစားခွင့်ခြောက်လ ပိတ်ပင်ထားခြင်းခံခဲ့ရပြီး မန်စီးတီးအသင်းသို့ ပေါင် ၇၂၀၀၀၀ မျှ ဒဏ်ငွေပေးဆောင်ခဲ့ရသည်။
- နယူးကာဆယ်တိုက်စစ်မှူး လီယွန်ဘတ်စ် ပေါင်ခြံဒဏ်ရာကြောင့် အိုင်ယာလန်အသင်းတွင် ပါဝင်ကစားရန် မသေချာသေးပေ။
- ရီယဲလ်ကွင်းလယ်ကစားသမား ကာကာနှင့် နောက်ခံလူမာဆယ်လိုတို့ ကြွက်သားဒဏ်ရာကြောင့် ဘရာဇီးအသင်း၏ခြေစမ်းပွဲတွင် ပါဝင်နိုင်မည်မဟုတ်ပေ။
- မန်ယူအသင်းသည် ပီအက်စ်ဗွီအသင်း၏ အသက်(၁၅)နှစ်အရွယ် လူငယ်ကွင်းလယ်ကစားသမား ပါရဲယားကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသော အင်္ဂလန်တိုက်စစ်မှူး ရွန်နေး ယူရို ၂၀၁၂ အုပ်စုပွဲစဉ်များတွင် ပါဝင်ခွင့်မရရှိသော်လည်း ပရိသတ်အနေဖြင့် လိုက်ပါအားပေးမည်ဖြစ်သည်။

***အင်တာနက်။***

## ဒဂုံမြို့သစ်(တောင်ပိုင်း)၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၇)ရပ်ကွက် ဉက္ကာလမ်းရှိ နေအိမ်တစ်အိမ်၏ မီးကြွင်းမီးကျန်မှအစပြု၍ နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီ ၃၀ မိနစ်ခန့်တွင် မီးစတင်လောင်ကျွမ်းရာ နေအိမ် ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၈ စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီးတို့နှင့် သန္နေမီးသတ် ၅၀၊ အရန်မီးသတ် ၅၀ တို့ဖြင့် မီးငြိမ်းသတ်ခဲ့ပြီး နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် လူသေဆုံးမှုမရှိဘဲ နှစ်ဦးသာဒဏ်ရာရခဲ့သည်။ အိမ်ရှင်အား ရဲစခန်းမှ ပ/၁၁၇၄/၂၀၁၁/ပြစ်မှု ဆိုင်ရာ ဉပဒေပုဒ်မ ၂၈၅ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(၅၄၈)

**မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး။ မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်။**

# ဗုဒ္ဓမြတ်စွယ်တော် ယာယီသီတင်းသုံး စံပယ်အပူဇော်ခံ စတုတ္ထနေ့ ဥပ္ပါတသန္တိစေတီတော်တွင် နံနက်ပိုင်းမှ ညပိုင်းအထိ အထူးစည်ကား

## နိုင်ငံရပ်ခြား တိုင်းပြည်များမှ ဧည့်သည်များပါ လာရောက်ကြည်ညို

နေပြည်တော် နိုဝင်ဘာ ၉

**မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့ စတုတ္ထနေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**



ထို့ပြင် ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် လမ်းမလျှောက်နိုင်သူများအား အနောက်တောင်ထောင့်ရှိ ဓာတ်လှေကားဖြင့် လွယ်ကူစွာ တက်ရောက်ဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများသာမက ဂျာမနီ၊ ဂျပန်စသည့် နိုင်ငံရပ်ခြား တိုင်းပြည်များမှ ဧည့်သည်များပါ ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ကြည်ညိုကြသည်ကို တွေ့မြင်ရသည်။

ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူနိုင်ရေးအတွက် အလှူခံဌာနများ ဖွင့်လှစ်အလှူခံလျက်ရှိရာ ငွေကျပ်တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၁၄ ဦးနှင့် ရွှေ ငွေ ကျောက်မျက်ရတနာ မျိုးစုံအလှူရှင် ၂၂ ဦးတို့ လာရောက် လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းကြရာတွင် နေပြည်တော်တပ်ကုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးမျိုးမြင့်အောင်၊ ဇနီး ဒေါ်ခိုင်စုယဉ်နှင့် သား-မောင်ရဲရင့်အောင် မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၃၁၂၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ် နှစ်ကွင်းနှင့် **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❍

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက် ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

### ယ နေ့ သ တ င် း အ ညွှ န် း


**ထိခိုက်မှုများအတွက် အရေးပေါ် ကူညီကယ်ဆယ်ကုသခြင်း သင်တန်းပို့ချမည်**

ပြည်တွင်းသတင်း စာမျက်နှာ - ၉

**သဘာဝအင်းအိုင်ငါးများ ဈေးကွက်ဝင်လာ၍ ငါးဈေးနှုန်းကျ**

“ငါးကျည်း၊ ငါးဖယ်၊ ငါးခူတို့ သာမကဘဲ ငါးကျည်းခြောက်၊ ငါးဆားနယ်၊ ငါးပိကောင်များပါ ဈေးကွက်ဝင်ရောက်လာ”

ပြည်တွင်းသတင်း စာမျက်နှာ - ၇

**စစ်မှုထမ်းဆောင်နေသည့် ရိုန်း လက်ထောက်စစ်ရေးနည်းပြအဖြစ် ရွေးချယ်ခံရ**

“အတော်ဆုံး စံပြရဲဘော်တစ်ဦးဖြစ်သကဲ့သို့ အခြေခံစစ်ရေးလေ့ကျင့်မှုတွင် အကောင်းဆုံးလုပ်ဆောင်နိုင်”

အနုပညာသတင်း စာမျက်နှာ - ၁၀


### အ ာ း က စ ာ း သ တ င် း မျ ာ း

## မြန်မာအသင်း ဘရူနိုင်းကို ဂိုးပြတ်နိုင်

ဂျကာတာ နိုဝင်ဘာ ၉

**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဂျကာတာမြို့ရှိ Lebak Bulus ကွင်း၌ ကျင်းပရာ မြန်မာအသင်းက ဘရူနိုင်းအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။**

**မြန်မာအသင်း - လေးဂိုး**

(ကျော်ဇေယျာဝင်း၊ မင်းမင်းသူ၊ ကြည်လင်းနှင့်ကျော်ကိုကို)

**ဘရူနိုင်းအသင်း - ဂိုးမရှိ**

ဆီမီးဖိုင်နယ်သို့ တက်ရောက်ရန်အတွက် အရေးပါသည့် အနိုင်သုံးမှတ်ကို မြန်မာတို့ ဘရူနိုင်းအသင်းထံမှ ရယူနိုင်ခဲ့သည်။ မြန်မာအသင်းမှာ ဗီယက်နမ်အသင်းကို သရေကစားခဲ့သည့်ပွဲမှ လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။ မြန်မာတို့ ပိုဖိကစားနိုင်ခဲ့သော်လည်း အဆုံးသတ် အားနည်းမှုကြောင့် လေးဂိုးသာ သွင်းယူနိုင်ခဲ့သည်။

ပွဲအစ ခြောက်မိနစ်တွင် ကျော်ဇေယျာဝင်းက ပြစ်ဒဏ်ဘော ဖရီးကစ်မှတစ်ဆင့် မြန်မာအသင်းအတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းတိုက်စစ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❑



### သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

**ဘရူနိုင်းအသင်းနှင့် မြန်မာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။**

## ဆန်းဒါးလန်းနောက်ခံလူ ဘရမ်ဘယ် ဒဏ်ရိုက်ခံရ

**လန်ဒန် နိုဝင်ဘာ ၉**

လိင်မှုဆိုင်ရာ ကိစ္စများနှင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုဖြင့် အဖမ်းခံခဲ့ရသည့်ကိစ္စကြောင့် ဆန်းဒါးလန်းအသင်း၏ ဂုဏ်သိက္ခာကျဆင်းစေခဲ့သဖြင့် နောက်ခံလူ တီတပ်စ်ဘရမ်ဘယ်အား အသင်းမှ ပေါင် ၆၀၀၀၀ ဒဏ်ရိုက်ခဲ့ကြောင်း သိရသည်။

၎င်းသည် ပြီးခဲ့သည့်လအတွင်းက လိင်မှုဆိုင်ရာကိစ္စများတွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိမှု၊ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုတို့ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ထို့ပြင် ၎င်းသည် အများပြည်သူဆိုင်ရာနေရာတွင် အပေ့ါသွားမှုဖြင့်လည်း စွဲချက်တင်ထားခြင်းခံခဲ့ရသည်။

သို့သော် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှု စွဲချက်မှ လွတ်မြောက်ခဲ့သည့် အသက် (၃၀) အရွယ် ဘရမ်ဘယ်မှာ ယခုလအတွင်း လိင်မှုဆိုင်ရာကိစ္စနှစ်မှုနှင့် အများပြည်သူဆိုင်ရာနေရာတွင် အပေ့ါသွားခြင်း ပြစ်မှုများကြောင့် တရားရုံးတွင်အမှုရင်ဆိုင်ရမည်ဖြစ်သည်။ အင်တာနက်။